## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
## ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၂)ကြိမ်မြောက်ပုံမှန်အစည်းအဝေး
## ဆဋ္ဌမနေ့မှတ်တမ်း

**၁၃၇၆ ခုနှစ်၊ တပို့တွဲလဆန်း ၇ ရက်**

**(၂၀၁၅ ခုနှစ်၊ ဇန်နဝါရီလ ၂၆ ရက်)**

**(တနင်္လာနေ့)**

နေပြည်တော်ရှိ ပြည်သူ့လွှတ်တော်အစည်းအဝေးခန်းမတွင် ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၂)ကြိမ်မြောက်ပုံမှန်အစည်းအဝေး ဆဋ္ဌမနေ့ကို နံနက် ၁၀း၀၀ နာရီအချိန်၌ စတင်ကျင်းပပါသည်။

[ပြည်သူ့လွှတ်တော်အစည်းအဝေးကို ကြီးကြပ်ကွပ်ကဲသူအဖြစ် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းက ဆောင်ရွက်ပြီး၊ အခမ်းအနားမှူးအဖြစ် ဦးတင်ဝင်းအောင်၊ ခေတ္တညွှန်ကြားရေးမှူးချုပ်၊ ပြည်သူ့လွှတ်တော်ရုံးက ဆောင်ရွက်ပါသည်။]

အချိန်၊ ၁၀း၀၀။

**အခမ်းအနားမှူး။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များနှင့် ဧည့်သည်တော်များခင်ဗျား။ ယခုအချိန်ကစပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၂)ကြိမ်မြောက်ပုံမှန်အစည်းအဝေး ဆဋ္ဌမနေ့ အစီအစဉ် စတင်ပါတော့မယ်။

### ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနေရာယူခြင်း

**အခမ်းအနားမှူး။** ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

[ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌသည် ဥက္ကဋ္ဌအတွက်သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။]

**ဥက္ကဋ္ဌ။** ။ အားလုံးမင်္ဂလာပါ။

**ကိုယ်စားလှယ်များ။** ။ မင်္ဂလာပါ။

**အခမ်းအနားမှူး။** ။ အားလုံးထိုင်နိုင်ပါပြီခင်ဗျား။

**မူကြမ်း**

## ပြည်သူ့လွှတ်တော် အစည်းအဝေးအထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း

**ဥက္ကဋ္ဌ။** ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ ကျင်းပတဲ့ ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၂)ကြိမ်မြောက်ပုံမှန်အစည်းအဝေး ဆဋ္ဌမနေ့မှာ ပြည်သူ့လွှတ်တော် လွှတ်တော် အခွင့်အရေးကော်မတီရဲ့တင်ပြချက်အရ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ၄၂၀ ဦးရှိတဲ့အနက် ၃၅၀ ဦး တက်ရောက်ပါတယ်။ အစည်းအဝေးသို့ တက်ရောက် ခွင့်ရှိသူဦးရေ စုစုပေါင်းရဲ့ ၈၃.၃၃ ရာခိုင်နှုန်းရှိတဲ့အတွက် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## အစည်းအဝေးအစီအစဉ်ဖြန့်ဝေထားကြောင်း တင်ပြခြင်း

**ဥက္ကဋ္ဌ။** ။ အစည်းအဝေးကို ကြိုတင်ဖြန့်ဝေထားတဲ့ အစီအစဉ်များအတိုင်း ဆက်လက် ဆောင်ရွက်သွားပါမယ်။

## ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း

**ဥက္ကဋ္ဌ။** ။ ယခု အစည်းအဝေးကို မတက်ရောက်နိုင်တဲ့ လွှတ်တော်ကိုယ်စားလှယ်များ အတွက် ခွင့်ပန်ကြားဖို့ ဖြစ်ပါတယ်။

**ဦးစိုးဝင်း(အဖွဲ့ဝင်၊ လွှတ်တော်အခွင့်အရေးကော်မတီ)။** ။ လေးစားရပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၂)ကြိမ်မြောက်ပုံမှန်အစည်းအဝေး ဆဋ္ဌမနေ့ တွင် အစည်းအဝေးမတက်ရောက်နိုင်ပါသဖြင့် ခွင့်ပန်ကြားသူများရဲ့ကိုယ်စား ပြည်သူ့လွှတ်တော် လွှတ်တော်အခွင့်အရေးကော်မတီဝင် ကျွန်တော် ဦးစိုးဝင်းက တင်ပြပန်ကြားသွားမှာ ဖြစ်ပါတယ်။ ဒီကနေ့ ခွင့်ပန်ကြားထားသူများမှာ-

(၁) ဖရူဆိုမဲဆန္ဒနယ်မှ ဦးဦးရယ် ခွင့် ၅ ရက်၊

(၂) ချမ်းမြသာစည်မဲဆန္ဒနယ်မှ ဦးတင်မောင် ခွင့် ၁၇ ရက်၊

(၃) တာချီလိတ်မဲဆန္ဒနယ်မှ ဦးစိုင်းသိန်းအောင် ခွင့် ၅ ရက်၊

(၄) ကျောက်တန်းမဲဆန္ဒနယ်မှ ဦးအောင်ကျော်ခင် ခွင့် ၂ ရက်၊

**မူကြမ်း**

(၅) ကြည့်မြင်တိုင်မဲဆန္ဒနယ်မှ ဦးသန်းစိန် ခွင့် ၁၂ ရက်၊
(၆) တာမွေမဲဆန္ဒနယ်မှ ဒေါ်လဲ့လဲ့ဝင်းဆွေ ခွင့် ၁ ရက်၊
(၇) ဒဂုံမြို့သစ်(အရှေ့ပိုင်း)မဲဆန္ဒနယ်မှ ဦးမြင့်သူ ခွင့် ၂ ရက်၊
(၈) ဒလမဲဆန္ဒနယ်မှ ဦးလှထွန်းဦး ခွင့် ၂ ရက်၊
(၉) သန်လျင်မဲဆန္ဒနယ်မှ ဦးလွင်ဦး ခွင့် ၁ ရက်၊
(၁၀) ကမာရွတ်မဲဆန္ဒနယ်မှ ဒေါက်တာစိုးရင် ခွင့် ၁ ရက်၊
(၁၁) တိုက်ကြီးမဲဆန္ဒနယ်မှ ဦးဟန်စိန် ခွင့် ၁ ရက်၊
(၁၂) လပွတ္တာမဲဆန္ဒနယ်မှ ဦးဇော်ထွန်း ခွင့် ၅ ရက်၊
(၁၃) ပင်လောင်းမဲဆန္ဒနယ်မှ ဦးခွန်မောင်သောင်း ခွင့် ၁ ရက်၊
(၁၄) ဆီဆိုင်မဲဆန္ဒနယ်မှ ဦးဝင်းကို ခွင့် ၄၀ ရက်၊
(၁၅) အောင်မြေသာစံမဲဆန္ဒနယ်မှ ဦးကိုကြီး ခွင့် ၅ ရက်၊
(၁၆) ပုသိမ်ကြီးမဲဆန္ဒနယ်မှ ဦးအောင်သန့် ခွင့် ၂ ရက်၊
(၁၇) ဒိုက်ဦးမဲဆန္ဒနယ်မှ ဦးမင်းဆွေ ခွင့် ၂ ရက်၊
(၁၈) ဖျာပုံမဲဆန္ဒနယ်မှ ဦးစိုးနိုင် ခွင့် ၂ ရက်၊
(၁၉) မိုင်းဆတ်မဲဆန္ဒနယ်မှ ဦးစိုင်းခတ္တိယ ခွင့် ၂ ရက်၊
(၂၀) ဂွမဲဆန္ဒနယ်မှ ဦးကြည်သာ ခွင့် ၁ ရက်၊
(၂၁) ကျေးသီးမဲဆန္ဒနယ်မှ ဦးစိုင်းအွမ်ဆိုင်မိုင်း ခွင့် ၁၀ ရက်၊
(၂၂) ပူတာအိုမဲဆန္ဒနယ်မှ ဦးယော်ဒီဒွေ့ ခွင့် ၁ ရက်၊
(၂၃) အင်္ဂပူမဲဆန္ဒနယ်မှ ဦးမောင်မောင်စိုး ခွင့် ၅ ရက်၊
(၂၄) စမ်းချောင်းမဲဆန္ဒနယ်မှ ဦးစိုးဝင်း ခွင့် ၁ ရက်၊
(၂၅) မှော်ဘီမဲဆန္ဒနယ်မှ ဦးကြည်မြင့် ခွင့် ၁ ရက်၊
(၂၆) ဒေါပုံမဲဆန္ဒနယ်မှ ဦးလှမြင့် ခွင့် ၁ ရက်၊
(၂၇) မြစ်သားမဲဆန္ဒနယ်မှ ဦးကြည်မောင် ခွင့် ၁ ရက်၊
(၂၈) ကနီမဲဆန္ဒနယ်မှ ဦးကျန်ထွန်း ခွင့် ၂ ရက်၊
(၂၉) မိုးကုတ်မဲဆန္ဒနယ်မှ ဦးဘဒွေး ခွင့် ၅ ရက်၊
(၃၀) နတ်တလင်းမဲဆန္ဒနယ်မှ ဦးရဲထွဋ်ဦး ခွင့် ၂ ရက်၊

**မူကြမ်း**

(၃၁) မင်းဘူးမဲဆန္ဒနယ်မှ ဦးအေးသူ ခွင့် ၅ ရက်၊

(၃၂) တပ်မတော်သားကိုယ်စားလှယ် ဗိုလ်မှူးချုပ်တောက်ထွန်း ခွင့် ၁ ရက်၊

(၃၃) တပ်မတော်သားကိုယ်စားလှယ် ဗိုလ်မှူးချုပ်သန်းထွတ်သိန်း ခွင့် ၁ ရက်၊

(၃၄) တပ်မတော်သားကိုယ်စားလှယ် ဗိုလ်မှူးမျိုးမင်းမောင် ခွင့် ၅ ရက်၊

(၃၅) ပင်လည်ဘူးမဲဆန္ဒနယ်မှ ဦးဝင်းသိန်း ခွင့် ၅ ရက်၊

(၃၆) ငဖဲမဲဆန္ဒနယ်မှ ဦးမြင့်ဌေး ခွင့် ၃ ရက်၊

(၃၇) မင်းလှမဲဆန္ဒနယ်မှ ဦးဝင်းတင် ခွင့် ၂ ရက်၊

(၃၈) မြို့သစ်မဲဆန္ဒနယ်မှ ဦးမြင့်သူ ခွင့် ၁ ရက်၊

(၃၉) နတ်မောက်မဲဆန္ဒနယ်မှ ဦးအောင်ကျော်စိုး ခွင့် ၁ ရက်၊

(၄၀) လောက်ကိုင်မဲဆန္ဒနယ်မှ ဦးကျော်နီနိုင် ခွင့် ၂ ရက်၊

(၄၁) လမ်းမတော်မဲဆန္ဒနယ်မှ ဦးခင်မောင်ဝင်း ခွင့် ၁ ရက်၊

(၄၂) ညောင်ရွှေမဲဆန္ဒနယ်မှ ဦးဝင်းဆွေ ခွင့် ၁ ရက်၊

(၄၃) မြိတ်မဲဆန္ဒနယ်မှ ဦးဌေးမြင့် ခွင့် ၅ ရက်၊

(၄၄) ကွမ်းလုံမဲဆန္ဒနယ်မှ ဦးဟော်ရှောက်ချမ်း ခွင့် ၃ ရက်၊

(၄၅) မဟာအောင်မြေမဲဆန္ဒနယ်မှ ဦးအုန်းကြိုင် ခွင့် ၃ ရက်၊

(၄၆) မုဒုံမဲဆန္ဒနယ်မှ ဦးမြသိန်း ခွင့် ၅ ရက်၊

(၄၇) လဟယ်မဲဆန္ဒနယ်မှ ဦးဆားမူ ခွင့် ၅ ရက်၊

(၄၈) ဟိုပန်မဲဆန္ဒနယ်မှ ဦးကျင်ဝမ်း ခွင့် ၁၀ ရက်၊

(၄၉) လဲချားမဲဆန္ဒနယ်မှ ဦးစိုင်းမောင်တင် ခွင့် ၅ ရက်၊

(၅၀) ဆွမ်ပရာဘွမ်မဲဆန္ဒနယ်မှ ဦးခမိုင်မုံကွမ် ခွင့် ၅ ရက်၊

(၅၁) ဖာပွန်မဲဆန္ဒနယ်မှ ဦးစိုင်းသန်းနိုင် ခွင့် ၁ ရက်၊

(၅၂) မချမ်းဘောမဲဆန္ဒနယ်မှ ဦးအင်ဖုန်ဆန်း(ခ)ဦးအင်ထုဖုန်ဆန်း ခွင့် ၁ ရက်၊

(၅၃) အင်ဂျန်းယန်မဲဆန္ဒနယ်မှ ဒေါ်ဒွဲဘူ ခွင့် ၅ ရက်၊

(၅၄) ဝါးခယ်မမဲဆန္ဒနယ်မှ ဒေါ်မြင့်မြင့်စန်း ခွင့် ၂ ရက်၊

(၅၅) ပင်းတယမဲဆန္ဒနယ်မှ ဦးဝင်းကြည် ခွင့် ၂ ရက်၊

(၅၆) ကျိုင်းတုံမဲဆန္ဒနယ်မှ ဦးစတီဖန် ခွင့် ၅ ရက်၊

မှူးကြမ်း

(၅၇) မိုင်းခတ်မဲဆန္ဒနယ်မှ ဦးစဲကီကော် ခွင့် ၅ ရက်၊

(၅၈) ခန္တီးမဲဆန္ဒနယ်မှ ဦးလှထွန်း ခွင့် ၅ ရက်၊

(၅၉) ဟုမ္မလင်းမဲဆန္ဒနယ်မှ ဦးအေး ခွင့် ၁ ရက်နှင့်

(၆၀) တောင်ကြီးမဲဆန္ဒနယ်မှ ဦးစံလင်း ခွင့် ၅ ရက်တို့ဖြစ်ပါတယ်။ ခွင့်မဲ့ပျက်ကွက်သူ မရှိပါ။ ခွင့်ပန်ကြားသူများအား ခွင့်ပြုပေးနိုင်ပါရန် လေးစားစွာ တင်ပြပန်ကြားအပ်ပါတယ် ခင်ဗျား။

**ဥက္ကဋ္ဌ။** ။ ခွင့်ပန်ကြားသူအားလုံးကို ခွင့်ပြုပါတယ်။

## ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေကို မှတ်တမ်းတင်ခြင်း

**ဥက္ကဋ္ဌ။** ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ အစည်းအဝေးမှာ တက်ရောက်ခွင့်ရှိတဲ့ လွှတ်တော်ကိုယ်စားလှယ် ၄၂၀ ဦး၊ ယခင်က ခွင့်ပန်ကြား၍ ခွင့်ပြုထားသူ ၁၀ ဦး၊ ယနေ့ခွင့်ပြုထားသူ ၆၀ ဦးဖြစ်၍ လွှတ်တော်ကခွင့်ပြုထားသူစုစုပေါင်း ၇၀ ဦးဖြစ်ပါတယ်။ ခွင့်မဲ့ပျက်ကွက်သူမရှိပါ။ ယခု လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှု အခြေအနေကို လွှတ်တော်ရဲ့အတည်ပြုချက် ရယူပါမယ်။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှုအခြေအနေတင်ပြချက်ကို အတည်ပြုရန် လွှတ်တော်က သဘောတူ ပါသလားခင်ဗျား။

[ သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

**ဥက္ကဋ္ဌ။** ။ လွှတ်တော်က သဘောတူတဲ့အတွက် ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှုအခြေအနေကို အတည်ပြုမှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## ကြယ်ပွင့်ပြထားသည့် မေးခွန်းများကို လွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း

**ဥက္ကဋ္ဌ။** ။ အစီအစဉ် ၅ ဖြစ်ပါတယ်။ မေးခွန်းများ မေးမြန်း၊ ဖြေကြားခြင်းအစီအစဉ် စတင်ဆောင်ရွက်ပါမယ်။

**စာပေဗိမာန်အသင်းကို မူလရည်ရွယ်ချက်အတိုင်း ဆောင်ရွက်နိုင်ခြင်းရှိ/မရှိနှင့် စပ်လျဉ်းသည့်မေးခွန်း**

**မူကြမ်း**

**ဥက္ကဋ္ဌ**။ ။ ဦးစွာ ဝန်းသိုမဲဆန္ဒနယ်မှ ဦးစိုးပိုင် မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးစိုးပိုင်(ဝန်းသိုမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ကိုယ်စားလှယ်များ၊ ပြည်ထောင်စုအဖွဲ့အစည်းဝင် ဝန်ကြီးများနှင့် ဖိတ်ကြားထားတဲ့ ဧည့်သည်တော်များအားလုံး ကိုယ်၏ကျန်းမာခြင်း၊ စိတ်၏ချမ်းသာခြင်းတို့နှင့် ပြည့်စုံကြပါစေကြောင်း ဦးစွာဆုမွန်ကောင်းတောင်းရင်း ဂါရဝပြုနှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ စစ်ကိုင်းတိုင်းဒေသကြီး၊ ဝန်းသိုမဲဆန္ဒနယ်က ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးစိုးပိုင် ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ပြန်ကြားရေးဝန်ကြီးဌာနနဲ့ပတ်သက်တဲ့ မေးခွန်းတစ်ခုကို ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် တင်ပြမေးမြန်းသွားမှာဖြစ်ပါတယ်။ ကျွန်တော် တင်ပြမေးမြန်းလိုတာကတော့ ပြန်ကြားရေးဝန်ကြီးဌာနလက်အောက်မှာရှိတဲ့ စာပေဗိမာန်အသင်းကိစ္စဖြစ်ပါတယ်။ ကျွန်တော်တို့မြန်မာနိုင်ငံ လွတ်လပ်ရေးရပြီးတဲ့နောက်ပိုင်း နိုင်ငံသားများရဲ့အကျိုးကို မျှော်ကိုးပြီးတော့ အသိပညာ၊ အတတ်ပညာ၊ သုတရသပိုင်းဆိုင်ရာတွေမှာ ဖွံ့ဖြိုးတိုးတက်လာစေဖို့အတွက် ရည်ရွယ်ပြီးတော့ ဖွဲ့စည်းခဲ့တဲ့၊ ဆောင်ရွက်ခဲ့တဲ့အသင်းကြီးလည်းဖြစ်ပါတယ်။ နိုင်ငံတကာမှာ ရောင်းအားကောင်းတဲ့စာအုပ်စာပေတွေ၊ အသိပညာအတတ်ပညာပိုင်းဆိုင်ရာစာအုပ်တွေကို မြန်မာလိုဘာသာပြန်ဆိုဖို့ ရည်ရွယ်ပြီးတော့ ဖွဲ့စည်းခဲ့တဲ့အသင်းကြီးလို့ ကျွန်တော် နားလည်ထားပါတယ်။ ကျွန်တော်တို့နိုင်ငံသားအများစုအတွက်လည်း မိမိတို့ မိခင်ဘာသာနဲ့ရေးသားထားတဲ့ နိုင်ငံတကာစာအုပ်စာပေတွေ၊ များစွာလိုအပ်လျက်ရှိပါတယ်။ ဒါကြောင့်မို့လို့ စာပေဗိမာန်အသင်းကြီးအား ယခုအချိန်မှာ မူလရည်ရွယ်ချက်အတိုင်းဆောင်ရွက်နိုင်ခြင်း ရှိ/မရှိကို သိရှိလိုပါကြောင်းနဲ့ ဆောင်ရွက်နိုင်ခြင်းမရှိပါက အကောင်အထည်ဖော်ဆောင်ရွက်ပေးရန် အစီအစဉ်ရှိ/မရှိတို့ကို သိရှိလိုပါကြောင်း လေးစားစွာဖြင့် တင်ပြမေးမြန်းအပ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာနက ပြန်လည်ရှင်းလင်းဖြေကြားဖို့ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးပိုက်ထွေး(ဒုတိယဝန်ကြီး၊ ပြန်ကြားရေးဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များ ဖိတ်ကြားထားသောဧည့်သည်တော်များအားလုံး ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာကြပါစေလို့ ဆုမွန်ကောင်းတောင်းရင်း မင်္ဂလာပါလို့

နှုတ်ခွန်းဆက်သဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးပိုက်ထွေး ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ဝန်းသိုမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးစိုးပိုင်ရဲ့ မေးခွန်းနဲ့ပတ်သက်ပြီး ဝန်ကြီးဌာနကိုယ်စား ပြန်လည်ရှင်းလင်းဖြေကြားသွားမှာဖြစ်ပါတယ်။ ပြန်ကြားရေးဝန်ကြီးဌာနမှာရှိတဲ့ စာပေဗိမာန်ရဲ့ မူလအစဟာ ၁၉၄၇ ခုနှစ်၊ ဩဂုတ်လ ၂၆ ရက်နေ့မှာ စတင်တည်ထောင်ခဲ့တဲ့ မြန်မာနိုင်ငံ ဘာသာပြန်စာပေအသင်းပဲ ဖြစ်ပါတယ်။ မြန်မာနိုင်ငံ ဘာသာပြန်စာပေအသင်းကို စတင်တည်ထောင်စဉ်ကတည်းက ပြည်ထောင်စုသားတိုင်း အသိပညာ တိုးပွားစေမယ့် ဘာသာခြားနဲ့ရေးသားထားတဲ့ စာအုပ်စာတမ်းများကို ဘာသာပြန်ဆိုရန်၊ ပြန်ထောင်စု တိုင်းရင်းသားဘာသာနဲ့ ရေးသားထားတဲ့ စာအုပ်စာတမ်းများကို နိုင်ငံခြားဘာသာသို့ ပြန်ဆိုရန်၊ မြန်မာမှုအရပ်ရပ်ကို စူးစမ်းရှာဖွေရန်နှင့် စာအုပ်စာတမ်းအရပ်ရပ်ကို ပုံနှိပ်ဖြန့်ချိရန် စတဲ့ ရည်ရွယ် ချက်တွေနဲ့ ဖွဲ့စည်းခဲ့ပါတယ်။ မြန်မာနိုင်ငံ ဘာသာပြန်စာပေအသင်းဟာ ဘာသာပြန်အပါအဝင် မြန်မာစာပေတိုးတက်ပြန့်ပွားရေးလုပ်ငန်းများကို ဆောင်ရွက်ခဲ့ရာမှာ ၁၉၄၈ ခုနှစ်ကစပြီး စာပေဆု များချီးမြှင့်ခဲ့ပါတယ်။ ၁၉၅၁ ခုနှစ်မှာ စာပေဗိမာန်မဂ္ဂဇင်း ထုတ်ဝေလာမှုကို အကြောင်းပြုပြီး ဘာသာပြန်စာပေအသင်းကနေ စာပေဗိမာန်အဖြစ် ပြောင်းလဲအမည်တွင်ခဲ့ပါတယ်။ ၁၉၆၃ ခုနှစ်မှာ စာပေဗိမာန်အဖွဲ့ အုပ်ချုပ်ရေးဥပဒေပြဌာန်းပြီး မြန်မာနိုင်ငံဘာသာပြန်စာပေအသင်းကို ဖျက်သိမ်းခဲ့ပါ တယ်။ ၁၉၉၂ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၉ ရက်နေ့မှာ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့က ဥပဒေအမှတ်(၁/၉၂)နဲ့ ဥပဒေများ ရုပ်သိမ်းတဲ့ဥပဒေကို ထုတ်ပြန်ခဲ့ပါတယ်။ အဲ့ဒီရုပ်သိမ်းတဲ့ဥပဒေများ မှာ စာပေဗိမာန်အဖွဲ့အုပ်ချုပ်ရေးဥပဒေဟာလည်း ပါဝင်ခဲ့ပါတယ်။ ၎င်းနောက် စာပေဗိမာန်ကို ပြန်ကြားရေးဝန်ကြီးဌာန၊ ပုံနှိပ်ရေးနှင့် စာအုပ်ထုတ်ဝေရေးလုပ်ငန်းရဲ့ ဌာနခွဲတစ်ခုအဖြစ်ထားရှိ ဆောင်ရွက်ခဲ့ပါတယ်။ နောက်ပိုင်းမှာ ပုဂ္ဂလိကထုတ်ဝေရေးကဏ္ဍတွေ တိုးတက်ဖြစ်ထွန်းလာခဲ့ပေမယ့် စာပေဗိမာန်ရဲ့ ဘာသာပြန်စာပေအခန်းကဏ္ဍဟာ လျော့နည်းကျဆင်းလာခဲ့ပါတယ်။ ယခု အစိုးရ သစ်လက်ထက်မှာ မြန်မာစာပေဖွံ့ဖြိုးတိုးတက်ရေးအတွက် ကောင်းမွန်တဲ့အစဉ်အလာကောင်းတွေကို ပြန်လည်ဖော်ဆောင်နိုင်ရေးကို ရည်ရွယ်ပြီး စာပေဗိမာန်ရဲ့ဖွဲ့စည်းပုံကို ဘာသာပြန်ဌာနအသစ် ထည့်သွင်းပြီး ၂၀၁၃ ခုနှစ်၊ ဧပြီလ ၄ ရက်နေ့မှာ ပြန်လည်ဖွဲ့စည်းခဲ့ပါတယ်။

ယခုအခါ စာပေဗိမာန်အနေနဲ့ အမျိုးသားစာပေတစ်သက်တာဆု၊ အမျိုးသားစာပေဆု၊ စာပေဗိမာန်စာမူဆုများကို ချီးမြှင့်နိုင်ရေးအတွက် အုပ်ချုပ်ထောက်ပံ့မှုဆိုင်ရာ ကူညီဆောင်ရွက်လျက် ရှိပြီး ပြည်သူ့ဗဟိုပြုမူဝါဒအရ စာပေဗိမာန်စာကြည့်တိုက် (ရန်ကုန်၊ မန္တလေး)၊ ရည်ညွှန်းစာကြည့်

မူကြမ်း

တိုက်၊ ကလေးစာကြည့်တိုက်များ ဖွင့်လှစ်ပေးလျက်ရှိပါတယ်။ ၎င်းအပြင် ကလေးသူငယ်များအတွက် အပတ်စဉ်ထုတ် ရွှေသွေးစာစောင်၊ လူငယ်များအတွက် လစဉ်ထုတ် သုတပဒေသာစာစောင်၊ ပြန်ကြား ရေးဝန်ကြီးဌာနမှ လစဉ်အခမဲ့ ဖြန့်ချိပေးနေတဲ့ စာပေရေချမ်းစင်များအတွက် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး၊ ပညာရေး၊ ကျန်းမာရေး၊ ဘာသာရေး၊ အားကစား၊ ယဉ်ကျေးမှုနှင့် အနုပညာ၊ သိပ္ပံနှင့် နည်း ပညာ၊ စိုက်ပျိုးရေးနှင့် မွေးမြူရေး၊ ပြည်သူ့နီတိ၊ အတ္ထုပ္ပတ္တိ၊ ကလေးသူငယ်ဆိုင်ရာ စတဲ့စာစောင် များကို ထုတ်လုပ်ခြင်း၊ နှစ်စဉ်ထုတ် မြန်မာ့စွယ်စုံကျမ်း နှစ်ချုပ်စာပေဗိမာန်စာမူဆုရနှင့် ပခုက္ကူ စာပေ ဆုရစာအုပ်များကို ပြည်သူ့လက်စွဲအဖြစ် စာအုပ်ထုတ်ဝေရာမှာ ပြင်ပစာအုပ်များထက် အဖိုးနှုန်းချိုသာ စွာ ထုတ်ဝေရောင်းချခြင်း၊ အခြားသင့်လျော်တဲ့စာအုပ်များကို ဘာသာပြန်အပါအဝင် ပုံနှိပ်ထုတ်ဝေ ဖြန့်ချိခြင်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိပါတယ်။

သို့ရာတွင် စာအုပ်များထုတ်လုပ်မှုကျဆင်းခြင်း၊ စာမူကောင်းများရရှိရန်ခက်ခဲခြင်းနဲ့ ထုတ်ဝေ တဲ့စာအုပ်များကို အသင်းဝင်များထံ ပေးပို့ရာမှာ စာအုပ်တန်ဖိုးထက် စာပို့ခ ပိုမိုများပြားခြင်းကြောင့် စာပေဗိမာန်ထုတ်စာအုပ်များကို လစဉ်ဝယ်ယူဖတ်ရှုသူအသင်းဝင် နည်းပါးလာပါတယ်။ လက်ရှိဝယ် ယူနေတဲ့အသင်းဝင်များအတွက် ကုန်ကျစရိတ်သက်သာစေရန် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ ဆက်ဆံရေးဦးစီးဌာနရုံးများမှတစ်ဆင့် စာအုပ်စာစောင်များကို ပေးပို့ဖြန့်ဝေလျက်ရှိပါတယ်။ စာပို့ခ နှုန်းထားများ ယခုထက် သက်သာလျော့နည်းပါက စာပေဗိမာန်ထုတ်စာအုပ်များ လပေးဝယ်ယူဖတ်ရှု သူအသင်းဝင်များ ပိုမိုများပြားလာနိုင်ကြောင်း တွေ့ရှိရပါတယ်။ သို့ပါ၍ မြန်မာနိုင်ငံသားများရဲ့ အကျိုးကို ဖြစ်ထွန်းစေနိုင်တဲ့ နိုင်ငံတကာစာအုပ်များကို ဘာသာပြန်စာအုပ်များအဖြစ်လည်းကောင်း၊ အသိပညာ၊ အတတ်ပညာ၊ နည်းပညာဆိုင်ရာ စာအုပ်စာစောင်များကို စာပေဗိမာန်ထုတ် စာအုပ် စာစောင်များအဖြစ်သို့လည်းကောင်း ထုတ်ဝေနိုင်ရေး စီစဉ်ဆောင်ရွက်လျက်ရှိပါကြောင်းနဲ့ လွတ်လပ် ရေးရပြီး နောက်ပိုင်း ထူထောင်ခဲ့တဲ့ စာပေဗိမာန်ရဲ့မူလရည်ရွယ်ချက်များအတိုင်း မြန်မာစာပေဖွံ့ဖြိုး တိုးတက်ရေးကို ကြိုးပမ်းအကောင်အထည်ဖော်ဆောင်ရွက်သွားမှာဖြစ်ကြောင်း တင်ပြရင်း နိဂုံးချုပ် အပ်ပါတယ်။ ကျေးဇူးတင်ပါတယ်ခင်ဗျား။

**မူကြမ်း**

**လယ်ယာမြေလုပ်ပိုင်ခွင့်လက်မှတ် (ပုံစံ-၇) အား ဘဏ်တစ်ခုခုတွင် ပေါင်နှံခွင့်ရရှိရန်နှင့် စိုက်ပျိုးစရိတ် ချေးငွေအား နှစ်လတ်နှင့် နှစ်ရှည်ချေးငှားနိုင်ရေး ဆောင်ရွက်ပေးရန် အစီအစဉ်ရှိ/မရှိနှင့် စပ်လျဉ်း သည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ဦးမြင့်ဦး၊ သနပ်ပင်မဲဆန္ဒနယ်မှ မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးမြင့်ဦး(သနပ်ပင်မဲဆန္ဒနယ်)**။ ။ အားလုံးပဲ မင်္ဂလာပါခင်ဗျာ။ ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်ဟာ တောင်သူလယ်သမားတွေရဲ့ စိုက်ပျိုးစရိတ်ချေးငွေအခက်အခဲနဲ့ပတ်သက်လို့ ၂၀၁၄ ခုနှစ်၊ ဩဂုတ်လ ၁ ရက်နေ့ ဒသမပုံမှန်အစည်းအဝေးကတည်းက ဒီမေးခွန်းလေးကို မေးမြန်းခဲ့တာ ဖြစ်ပါတယ်။ အခုဆိုရင် တောင်သူလယ်သမားတွေနဲ့ပတ်သက်လို့ တောင်သူလယ်သမား အခွင့်အရေး ကာကွယ်ရေးနှင့် အကျိုးစီးပွားမြှင့်တင်ရေး ဥပဒေများ၊ နည်းဥပဒေများလည်း ပြဋ္ဌာန်းပြီးဖြစ်ပါတယ်။ အစိုးရသစ်ဟာလည်း သက်တမ်းကုန်ခါနီးကာလအထိဖြစ်နေပါပြီ။ သို့သော်လည်း တောင်သူလယ် သမားတွေရဲ့ အခက်အခဲပြဿနာတွေနဲ့ အကျိုးစီးပွားကိုတော့ ထိထိရောက်ရောက်လုပ်မပေးနိုင်သေး တာကို တွေ့မြင်နေရပါတယ်။ ဒါ့အပြင် ဥပဒေ၊ နည်းဥပဒေအတိုင်းမဟုတ်ဘဲနဲ့ ဒေသအစိုးရအမိန့်နဲ့ တစ်ရွာတစ်ပုဒ်ဆန်းကျင့်သုံးနေတာကိုလည်း တွေ့မြင်နေရပါတယ်။ ပဲခူးတိုင်းဒေသကြီးမှာဆိုရင် မိုးရာသီစိုက်ပျိုးစရိတ်ချေးငွေ ချေးရာမှာ တောင်သူလယ်သမားတွေပိုင်တဲ့ လယ်ယာမြေမှတ်ပုံတင် ကတ်(ပုံစံ-၇)ကိုသိမ်းပြီးမှ ငွေထုတ်ချေးပေးပါတယ်။ ပဲခူးတိုင်းတစ်ခုတည်းပဲ အဲ့ဒီလိုလုပ်တယ်လို့ လည်း သိရှိရပါတယ်။ ဒါဟာ ဥပဒေမဲ့လုပ်ရပ်ဖြစ်ပါတယ်။ စိုက်ပျိုးစရိတ် ချေးငွေတွေချေးတဲ့အခါမှာ နှစ်စဉ်လိုပဲ အလွန်နောက်ကျပါတယ်။ ဆောင်းမှာဆိုလို့ရှိရင် အခုထက်ထိ ထုတ်ချေးပေးတာ မတွေ့ရ သေးပါဘူး။ ပဲတွေ၊ နှမ်းတွေက အတော်ကြီးနေပြီ။ ပေါ်ခါတောင် နီးနေပါပြီခင်ဗျား။ ချေးပြီးတဲ့အခါကျ တော့လည်း လပိုင်းလောက်ပဲ ပြန်တောင်းတဲ့အခါကျတော့ ဆပ်ဖို့လို့ တောင်သူလယ်သမားတွေက အခက်အခဲဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ကျွန်တော်တို့က လွှတ်တော်မှာ အကြိမ်ကြိမ်တင်ပြနေတာက နှစ်တို၊ နှစ်ရှည်ချေးပေးပါ။ တောင်သူလယ်သမားတွေရဲ့စိုက်ပျိုးစရိတ်ကို လုံလုံလောက်လောက် ဧကရှိသလောက် ချေးပေးပါ။ အမှန်တကယ်စိုက်ပျိုးတဲ့သူတိုင်းကို ချေးပေးပါ။ လယ်ယာမြေမှတ်ပုံတင် ကတ်ကို ဘဏ်တစ်ခုခုမှာပေါင်ပြီးတော့ လိုသလောက်ချေးယူနိုင်တဲ့စနစ်ကို အမြန်ဆုံးကျင့်သုံးပေးပါ လို့ ကျွန်တော်တို့က တင်ပြနေတာပဲဖြစ်ပါတယ်။ ဒီနှစ် မိုးရာသီမှာ ရေကြီးနစ်မြုပ်မှုတွေ ကျယ်ကျယ် ပြန့်ပြန့်ဖြစ်ပါတယ်။ အခု ဆောင်းချိန် စပါးပေါ်တဲ့အခါကျတော့ တစ်ခါပြန် မြုပ်ပါတယ်။ လယ်သမား

တွေက အကြိမ်ကြိမ်ပျက်စီးဆုံးရှုံးမှုတွေဖြစ်ပါတယ်။ သမ္မတကြီးအထိ ကျွန်တော်တို့လွှတ်တော်ကနေ တင်ပြသော်လည်း အခုထက်ထိ တောင်သူလယ်သမားတွေကို ထိထိရောက်ရောက်ပံ့ပိုးကူညီတာ မတွေ့ရပါဘူး။ အဲ့ဒီလို သဘာဝဘေးဒဏ်ကြောင့် ပျက်စီးထိခိုက်တယ်ဆိုရင် သေသေချာချာအောက် ထိ စစ်ဆေးပြီးတဲ့အခါမှာ ထိထိရောက်ရောက်ကူညီပံ့ပိုးမှုတွေ လိုအပ်ရင်လျှော်ပစ်တာတို့၊ အကြွေးကို ဆိုင်းငံ့တာတို့ ပံ့ပိုးပေးတာတွေကို ထိထိရောက်ရောက် လုပ်ပေးစေချင်ပါတယ်။ ဒါမှ ကျွန်တော်တို့ တောင်သူလယ်သမားတွေဟာ အကြွေးနွံထဲကနေ လွတ်မြောက်ကြမှာဖြစ်ပါတယ်ခင်ဗျာ။ ဥက္ကဋ္ဌကြီး ခင်ဗျား။ ကျွန်တော် မေးလိုတဲ့မေးခွန်းကတော့ တောင်သူလယ်သမားများဟာ စိုက်ပျိုးစရိတ်ချေးငွေ များ ချေးပေးရာတွင် လယ်ယာမြေမှတ်ပုံတင်လက်မှတ်(ပုံစံ-၇) မိတ္တူဖြင့် ထုတ်ချေးပေးနိုင်ခြင်းရှိ/မရှိ၊ လယ်ယာမြေလုပ်ပိုင်ခွင့်လက်မှတ်(ပုံစံ-၇) မရရှိသေးသော်လည်း လယ်ယာလုပ်ငန်းကို အမှန်တကယ် လုပ်ကိုင်လျက်ရှိတဲ့ တောင်သူလယ်သမားများကို စိုက်ပျိုးစရိတ်ချေးငွေများ ချေးပေးနိုင်ခြင်းရှိ/မရှိ၊ မြေလွတ်၊ မြေလပ်၊ မြေရိုင်း၊ သစ်တောမြေနှင့် စားကျက်မြေတွေမှာ နှစ်ပေါင်းများစွာ လယ်ယာစိုက်ပျိုး ရေးလုပ်ကိုင်လျက်ရှိတဲ့ တောင်သူလယ်သမားများကို စိုက်ပျိုးစရိတ်ချေးငွေများ ချေးပေးနိုင်ခြင်း ရှိ/မရှိ၊ တောင်သူလယ်သမားများ၏ လယ်ယာမြေလုပ်ပိုင်ခွင့်လက်မှတ်(ပုံစံ-၇)အား ဘဏ်တစ်ခုခုမှာ ပေါင်နှံခွင့် အမြန်ဆုံးရရှိရေး၊ စိုက်ပျိုးစရိတ်ချေးငွေများ နှစ်လတ်နှင့် နှစ်ရှည်ချေးပေးနိုင်ရေး အမြန်ဆုံးဆောင်ရွက်ပေးနိုင်ရန် လေးစားစွာဖြင့် မေးမြန်းအပ်ပါတယ်။

**ဥက္ကဋ္ဌ။** ။ သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာနက ပြန်လည်ရှင်းလင်းဖြေကြားဖို့ဖြစ်ပါ တယ်။

**ဖြေကြားချက်**

**ဦးအုန်းသန်း(ဒုတိယဝန်ကြီး၊ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန)။** ။ လေးစား အပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ဧည့်သည်တော် များခင်ဗျား။ မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ လယ်ယာစိုက်ပျိုး ရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအုန်းသန်း ဖြစ်ပါတယ်။ ပဲခူးတိုင်းဒေသကြီး၊ သနပ်ပင်မဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးမြင့်ဦးရဲ့ ကြယ်ပွင့်ပြမေးခွန်းအပေါ်မှာ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးကိုယ်စား ကျွန်တော်က ပြန်လည်ဖြေကြားသွားမှာ ဖြစ်ပါတယ်။ တောင်သူလယ်သမားများအား စိုက်ပျိုးစရိတ် ချေးပေးရာမှာ

လယ်ယာမြေလုပ်ပိုင်ခွင့်လက်မှတ် (ပုံစံ-၇)မိတ္တူဖြင့် ထုတ်ချေးပေးနိုင်ခြင်းရှိ/မရှိနှင့် ပတ်သက်ပြီးတော့ ၂၀၁၄-၂၀၁၅ ခုနှစ် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှ ချေးငွေများ ထုတ်ချေးရာမှာ ပဲခူးတိုင်းဒေသကြီး တစ်ခုတည်းသာ တိုင်းဒေသကြီးအစိုးရအဖွဲ့ရဲ့အစီအမံနဲ့ လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ် (ပုံစံ-၇) မူရင်းရယူပြီးတော့ ထုတ်ချေးပေးခဲ့ခြင်းရှိသော်လည်းပဲ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီး ဌာနကသော်လည်းကောင်း၊ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်အနေဖြင့်သော်လည်းကောင်း (ပုံစံ-၇) မူရင်းရယူ၍ ချေးငွေထုတ်ချေးပေးရမည်ဟု ညွှန်ကြားထားခြင်းမရှိပါသဖြင့် ပဲခူးတိုင်းဒေသကြီးမှအပ ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်အားလုံးမှာ လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ် (ပုံစံ-၇) မိတ္တူဖြင့် သာ ထုတ်ချေးပေးခဲ့ကြောင်း သိရှိရပါတယ်။

ဒုတိယမေးခွန်းဖြစ်တဲ့ လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ် (ပုံစံ-၇) မရရှိသေးသော်လည်း လယ်ယာလုပ်ငန်းကို အမှန်တကယ်လုပ်လျက်ရှိတဲ့ တောင်သူလယ်သမားများအား စိုက်ပျိုးစရိတ် ချေးငွေများ ချေးပေးနိုင်ခြင်းရှိ/မရှိနှင့် ပတ်သက်ပြီး လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ် (ပုံစံ-၇) မရရှိသေးဘဲ လယ်ယာလုပ်ငန်းကို အမှန်တကယ်လုပ်ကိုင်လျက်ရှိသော တောင်သူလယ်သမားများ၏ စိုက်ပျိုးစရိတ်ချေးငွေများကို သက်ဆိုင်ရာကျေးရွာအုပ်စု လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့၊ မြို့နယ် လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့များရဲ့ အမှန်တကယ်စိုက်ပျိုးလုပ်ကိုင်ကြောင်း စိစစ်ထောက်ခံချက်ဖြင့် ထုတ်ချေးပေးလျက်ရှိကြောင်း ဖြေကြားအပ်ပါတယ်။ တတိယမေးခွန်းဖြစ်တဲ့ မြေလွတ်၊ မြေလပ်၊ မြေရိုင်း၊ သစ်တောမြေနှင့် စားကျက်မြေများမှာ နှစ်ပေါင်းများစွာ လယ်ယာစိုက်ပျိုးလုပ်ကိုင်လျက်ရှိ သော တောင်သူလယ်သမားများအား စိုက်ပျိုးစရိတ်ချေးငွေများ ချေးပေးနိုင်ခြင်းရှိ/မရှိနှင့်ပတ်သက် ပြီးတော့ မြေလွတ်၊ မြေလပ်၊ မြေရိုင်း၊ သစ်တောမြေများနှင့် စားကျက်မြေများမှာ လယ်ယာစိုက်ပျိုး လုပ်ကိုင်လျက်ရှိတဲ့ တောင်သူများကို ဒေသဆိုင်ရာအုပ်ချုပ်ရေးအဖွဲ့များ၏ ထောက်ခံချက်၊ ရပ်ကွက်/ ကျေးရွာအုပ်စုချေးငွေစိစစ်ရေးအဖွဲ့ရဲ့ စိစစ်ထောက်ခံချက်၊ သက်ဆိုင်ရာဌာန၏ စိုက်ပျိုးခွင့် ပြုကြောင်း ထောက်ခံချက်များနှင့် ထုတ်ချေးပေးလျက်ရှိကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်။

စတုတ္ထမေးခွန်းဖြစ်တဲ့ တောင်သူလယ်သမားများရဲ့ လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ် (ပုံစံ-၇)အား ဘဏ်တစ်ခုခုမှာ ပေါင်နှံခွင့်ရရှိရေး အမြန်ဆုံးဆောင်ရွက်ပေးရန် အစီအစဉ်ရှိ/မရှိနှင့် ပတ်သက်၍ တောင်သူလယ်သမားများ၏ လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ်(ပုံစံ-၇)အား ဘဏ်တစ်ခုခုမှာ ပေါင်နှံခွင့်ရရှိရေးအတွက် မြန်မာနိုင်ငံတော် ဗဟိုဘဏ်မှ ပုဂ္ဂလိကဘဏ်များသို့

ညွှန်ကြားထားပြီးဖြစ်ကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်။ ပဉ္စမမေးခွန်းဖြစ်တဲ့ စိုက်ပျိုးစရိတ်ချေးငွေများအား နှစ်လတ်နှင့် နှစ်ရှည် ချေးပေးနိုင်ရေးဆောင်ရွက်ရန် အစီအစဉ်ရှိ/မရှိနှင့်ပတ်သက်ပြီး ပြည်ထောင်စုလွှတ်တော် ဥပဒေအမှတ် (၃၂) ဖြင့် တောင်သူလယ်သမား အခွင့်အရေးကာကွယ်ရေးနှင့် အကျိုးစီးပွားမြှင့်တင်ရေး ဥပဒေပြဋ္ဌာန်းချက်နှင့်အညီ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနရဲ့ ၂၀၁၅ ခုနှစ်၊ ဇန်နဝါရီလ ၁၅ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ်(၂/၂၀၁၅)နဲ့ တောင်သူလယ်သမား အခွင့်အရေးကာကွယ်ရေးနှင့် အကျိုးစီးပွားမြှင့်တင်ရေးနည်းဥပဒေကို ထုတ်ပြန်ခဲ့ပြီးဖြစ်ပါတယ်။ အဆိုပါ ဥပဒေ၊ နည်းဥပဒေများအရ နေပြည်တော်ကောင်စီနယ်မြေနှင့် တိုင်းဒေသကြီး/ပြည်နယ်များမှာ လက်တွေ့အကောင်အထည်ဖော်နိုင်ရန်အတွက် ပြည်ထောင်စုနယ်မြေ၊ တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့ ဝန်ကြီးချုပ်များ ဥက္ကဋ္ဌအဖြစ်ပါဝင်တဲ့ လုပ်ငန်းအဖွဲ့များကို ဦးဆောင်အဖွဲ့၏ အမိန့်ကြော်ငြာစာအမှတ်(၇/၂၀၁၅)အရ ၂၀၁၅ ခုနှစ်၊ ဇန်နဝါရီလ ၂၂ ရက်နေ့မှာ ဖွဲ့စည်းပေးခဲ့ပြီးဖြစ်သည့်အတွက် အတည်ပြုပြဋ္ဌာန်းပြီးတဲ့ ဥပဒေ၊ နည်းဥပဒေများနှင့်အညီ အကောင်အထည်ဖော်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ရှင်းလင်းဖြေကြား အပ်ပါတယ်။ အားလုံးကျေးဇူးတင်ပါတယ်။

**ဦးမြင့်ဦး(သနပ်ပင်မဲဆန္ဒနယ်)။** ။ လေးစားအပ်တဲ့ ဥက္ကဋ္ဌကြီးခင်ဗျား။ တစ်ဆက်တစပ်တည်းမေးခွန်း မေးခွင့်ပြုပါ။ လယ်ယာမြေဥပဒေပုဒ်မ ၉ ပုဒ်မခွဲ(ခ)မှာ လယ်ယာမြေကို အားလုံးဖြစ်စေ၊ တစ်စိတ်တစ်ပိုင်းဖြစ်စေ လုပ်ပိုင်ခွင့်အား သတ်မှတ်ထားသောစည်းကမ်းချက်များနှင့်အညီ ရောင်းချခွင့်၊ ပေါင်နှံခွင့်၊ ငှားရမ်းခွင့်၊ လဲလှယ်ခွင့်၊ ပေးကမ်းခွင့်ရှိတယ်လို့ ရေးထားပါတယ်။ နောက် နည်းဥပဒေ ၄၈ နည်းဥပဒေခွဲ(ခ)မှာ အစိုးရဘဏ် သို့မဟုတ် ဤကိစ္စအလို့ငှာ အစိုးရကသတ်မှတ်တဲ့ ဘဏ်တစ်ခုခု၌သာလျှင် လယ်ယာမြေလုပ်ပိုင်ခွင့်ရှိသူက လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ် မူရင်းကို ပေးအပ်ပေါင်နှံရမယ်လို့ ရေးထားပါတယ်။ အခု စိုက်ပျိုးစရိတ်ချေးငွေမှာ သိမ်းထားတဲ့အခါကျတော့ ကျွန်တော်တို့က ပေါင်နှံလို့၊ ရောင်းချလို့၊ ပေးကမ်းလို့မရပါဘူး။ ဒါကြောင့်မို့လို့ ဥပဒေအရ မညီပါဘူး။ ဒီကိစ္စကိုလည်း ပြန်ပြီးတော့ ပေးစေချင်ပါတယ်။ မိတ္တူနဲ့ပဲ ကျွန်တော်တို့က ထုတ်ချေးပေးဖို့လို့ ထပ်ပြီးတော့ တင်ပြအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ။** ။ ဖြေပါ။

**မူကြမ်း**

**ဦးအုန်းသန်း(ဒုတိယဝန်ကြီး၊ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ နောက်ဆုံးအတည်ပြုပြဌာန်းခဲ့တဲ့ တောင်သူလယ်သမား အခွင့်အရေးကာကွယ်ရေးနှင့် အကျိုးစီးပွားမြှင့်တင်ရေးဥပဒေမှာလည်းပဲ တောင်သူလယ်သမားများရဲ့ အရေးကြီးတဲ့ ချေးငွေနဲ့အကူအညီပေးရေး အခန်းကဏ္ဍမှာ အသေးစိတ် ကျွန်တော်တို့ ဒီမှာ ချေးငွေနဲ့ပတ်သက်လို့ ပါပြီးဖြစ်ပါတယ်။ ပေါင်နှံဖို့ကိစ္စတွေလည်းပဲ သက်ဆိုင်ရာလယ်ယာမြေဥပဒေမှာ ပါပြီးဖြစ်တဲ့အတွက် ဒီဥပဒေအရ ပြဋ္ဌာန်းထားတဲ့လုပ်ငန်းအဖွဲ့များဟာ အဓိက ကျွန်တော်တို့ တိုင်းဒေသကြီးအစိုးရအဖွဲ့ရဲ့ ဝန်ကြီးချုပ်များကိုယ်တိုင် ဥက္ကဋ္ဌအဖြစ်နဲ့ ဆောင်ရွက်နေတာ ဖြစ်ပါတယ်။ ဒါ့ကြောင့် နောင်မှာ ပေါင်နှံခြင်းကိစ္စနှင့်ပတ်သက်ပြီးတော့ သက်ဆိုင်ရာ ဒီထဲမှာပါတဲ့အတိုင်းပဲ ဦးဆောင်အဖွဲ့မှ အဖွဲ့ဝင်ဖြစ်တဲ့ ဘဏ္ဍာရေးဝန်ကြီးဌာန၊ သက်ဆိုင်ရာမြန်မာနိုင်ငံတော်ဗဟိုဘဏ်ကနေပြီးတော့ ဆက်လက်ပြီးတော့ ဒီကိစ္စများကို ပေါင်နှံခွင့်ရရှိရေးအတွက် ဆက်လက်ဆောင်ရွက်လျက်ရှိပါတယ်။ ဥပမာတင်ပြရမယ်ဆိုရင် ဧရာဝတီတိုင်းဒေသကြီးအစိုးရအဖွဲ့ဟာ တောင်သူလယ်သမားများအတွက် ချေးငွေနဲ့ ပေါင်နှံနိုင်ဖို့အတွက် အများပိုင်ဘဏ်တစ်ခုခုကို ထူထောင်ပြီးတော့ ဒီနေ့ ဆောင်ရွက်လျက်ရှိပါတယ်။ အလားတူ စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့ကလည်းပဲ လာမယ့် ၂၀၁၅-၂၀၁၆ ခုနှစ်အတွက် တောင်သူလယ်သမားများ၊ လယ်ယာမြေများကို ပေါင်နှံနိုင်ဖို့အတွက် အများပိုင်ဘဏ်တစ်ခု ထူထောင်ဖို့အတွက် စီစဉ်လျက်ရှိကြောင်း ကျွန်တော့်အနေနဲ့ တင်ပြအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**မြေလွတ်၊ မြေလပ်၊ မြေရိုင်း တစ်နိုင်တစ်ပိုင် လုပ်ပိုင်ခွင့်ကို မည်သည့်ပုံစံဖြင့် မည်သည့်နေရာသို့ လျှောက်ထားရမည်နှင့် လက်ရှိပုံစံပါစည်းကမ်းချက်များအား လျှော့ပေါ့၍ သီးခြားပုံစံတစ်ခုဆောက်ရွက်ပေးရန် အစီအစဉ် ရှိ/မရှိနှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ဦးခင်မောင်ရွှေ၊ တမူးမဲဆန္ဒနယ်မှ မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးခင်မောင်ရွှေ(တမူးမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျာ။ ကျွန်တော် ဒီမေးခွန်းကို တစ်နိုင်တစ်ပိုင်လုပ်ကိုင်ရန် လျှောက်ထားကြရာမှာ အခက်အခဲဖြစ်နေကြတဲ့ မြေမဲ့ယာမဲ့ ကျေးလက်နေပြည်သူများအတွက် မေးမြန်းရခြင်းဖြစ်ပါတယ်။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ကျေးလက်နေပြည်သူများအတွက် တစ်နိုင်တစ်ပိုင်လျှောက်ထားကြရာမှာ တစ်ကြိမ်လျှောက်လျှင် ၁၀ ဧကအထိသာ လျှောက်ထားခွင့်ပေးထားပြီး ဧက

၅၀ အောက် လျှောက်ထားကြတဲ့ လုပ်ငန်းရှင်များ၊ ကုမ္ပဏီကြီးများနည်းတူ အချက်အလက်များအတိုင်း ဆောင်ရွက်ကြရကြောင်း၊ သက်ဆိုင်ရာမြေစာရင်းရုံးများတွင်လည်း အဆိုပါပုံစံမရှိကြောင်း၊ တိုင်းဒေသကြီး/ပြည်နယ်များတွင်သာ ပုံစံရှိကြောင်း ပြောပြသဖြင့် ကျေးလက်နေပြည်သူများက မည်သို့ဆောင်ရွက်ရမည်ကို မသိကြောင်းဖြစ်နေသဖြင့် အောက်ခြေမှာ အခက်အခဲရှိနေကြောင်း သိရှိရပါတယ်။ ကျေးရွာအသီးသီးရှိ ဒေသခံပြည်သူများနဲ့ တွေ့ဆုံပွဲများမှာ ပြည်သူများရဲ့ တင်ပြချက်အရ ၎င်းတို့ အမှန်တကယ်လျှောက်ကြတဲ့ တစ်နိုင်တစ်ပိုင်ဧကများဟာ တစ်ဧကမှ ငါးဧကအထိသာဖြစ်ကြောင်း တွေ့ရှိရပါတယ်။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ကျေးလက်နေပြည်သူများရဲ့ ဆင်းရဲနွမ်းပါးမှုလျှော့ချရေး အမှန်တကယ်အထောက်အကူဖြစ်စေလိုတယ်ဆိုရင်ဖြင့် မြေမဲ့ယာမဲ့ ဖြစ်နေတဲ့ ကျေးလက်နေပြည်သူများရဲ့ ခံစားခွင့်ဖြစ်တဲ့ မြေလွတ်၊ မြေလပ် တစ်နိုင်တစ်ပိုင် လျှောက်ထားခွင့်များကို အမြန်ဆုံးရရှိအောင် ဆောင်ရွက်ပေးစေလိုကြောင်း ဒေသခံပြည်သူများက တင်ပြလာကြပါတယ်။ သို့အတွက် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် အောက်ပါမေးခွန်းများအား မေးမြန်းအပ်ပါတယ်ခင်ဗျား။ (၁) ကျေးလက်နေပြည်သူများ၏ ၁၀ ဧကအောက် မြေလွတ်၊ မြေလပ်၊ မြေရိုင်း တစ်နိုင်တစ်ပိုင်လျှောက်ခွင့်ကို မည်သည့်ပုံစံ၊ မည်သည့်နေရာများသို့ လျှောက်ထားရမည်နည်း။ (၂) လက်ရှိပုံစံမှာ စည်းကမ်းချက်များဖြစ်သည့် ဆောင်ရွက်မည့် စီမံကိန်းလျာထားချက်နဲ့ ရင်းနှီးမြှုပ်နှံငွေ လုံလောက်စွာ ဘဏ်စုဆောင်းငွေရှိကြောင်း တင်ပြချက်များသည် ကျေးလက်နေ မရှိဆင်းရဲသားပြည်သူများအနေဖြင့် မဆောင်ရွက်နိုင်သည့် လုပ်ငန်းဖြစ်ပါသဖြင့် စည်းကမ်းချက်များ လျှော့ပေါ့လျက် သီးခြားပုံစံ၊ သီးခြားလုပ်ထုံးလုပ်နည်းများဖြင့် ဝန်ကြီးဌာနမှ ဆောင်ရွက်ပေးရန် အစီအစဉ်ရှိ/မရှိ သိရှိလိုပါသဖြင့် မေးမြန်းရခြင်းဖြစ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ။** ။ သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာနမှ ပြန်လည်ဖြေကြားဖို့ ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးအုန်းသန်း(ဒုတိယဝန်ကြီး၊ လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန)။** ။ စစ်ကိုင်းတိုင်းဒေသကြီး၊ တမူးမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးခင်မောင်ရွှေရဲ့ ကြယ်ပွင့်ပြမေးခွန်းပေါ်မှာ ဆက်လက်ဖြေကြားသွားမှာဖြစ်ပါတယ်။ စစ်ကိုင်းတိုင်းဒေသကြီး၊ တမူးမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးခင်မောင်ရွှေမှ ဒေသခံပြည်သူများကိုယ်စား ကျေးလက်နေ ဆင်းရဲနွမ်းပါးပြည်သူများအတွက် အကျိုးခံစားခွင့်ရရှိစေအောင် စေတနာထားမေးမြန်း

ခဲ့သည့်အတွက် ကျေးဇူးတင်ရှိကြောင်း ပထမဦးစွာပြောကြားလိုပါတယ်။ ကျေးလက်နေပြည်သူများရဲ့ ၁၀ ဧကအောက် မြေလွတ်၊ မြေလပ်၊ မြေရိုင်း တစ်ပိုင်တစ်နိုင်မည်သည့်ပုံစံဖြင့် မည်သည့်နေရာသို့ လျှောက်ထားရမည်နည်းဟု မေးမြန်းခဲ့ရာမှာ မြေလွတ်၊ မြေလပ်နှင့် မြေရိုင်း ၁၀ ဧကအောက် တစ်ပိုင်တစ်နိုင်လုပ်ပိုင်ခွင့်အတွက် ပုံစံ(၁)ဖြင့် နည်းဥပဒေ ၄ နည်းဥပဒေခွဲ(က)အရ တိုင်းဒေသကြီး/ပြည်နယ် မြေလွတ်၊ မြေလပ်၊ မြေရိုင်းများ စီမံခန့်ခွဲရေးလုပ်ငန်းအဖွဲ့သို့ လျှောက်ထားရန်ဖြစ်ပါတယ်။ သို့သော်လည်းပဲ ကျေးလက်နေပြည်သူများဟာ ထိုသို့ဆောင်ရွက်ရန် အခက်အခဲများစွာရှိကြောင်း တင်ပြထားသည့်အတွက် ၎င်းအခက်အခဲကို ဖြေလျှော့ပေးရန် မြို့နယ်မြေစာရင်းဦးစီးဌာနများသို့ လျှောက်ထားရာမှာ အသုံးပြုရမယ့်ပုံစံ(၁)များအားလုံးကို မြို့နယ်မြေစာရင်းဦးစီးဌာနသို့ အားလုံးပေးပို့ထားပြီးဖြစ်ပါတယ်။ တောင်သူလယ်သမားများအကျိုးငှာ လက်တွေ့ဆောင်ရွက်နိုင်ရန်အတွက် ဒေသခံတောင်သူများအနေဖြင့် လျှောက်ထားလိုသော မြေနေရာအတွက်တင်ပြပြီး မြေပုံကြမ်းများရယူခြင်း၊ လျှောက်လွှာပုံစံများရယူခြင်းနဲ့ လိုအပ်တဲ့အချက်အလက်များ ဖြည့်သွင်း၍ ပြန်လည်လျှောက်ထားခြင်းကို ဆောင်ရွက်ကာ သက်ဆိုင်ရာမြို့နယ်မြေစာရင်းဦးစီးဌာနရုံးများက အဆိုပါလျှောက်ထားမှုများကိုစုစည်းပြီး တိုင်းဒေသကြီး/ပြည်နယ်လုပ်ငန်းအဖွဲ့သို့ တင်ပြဆောင်ရွက်သွားရန် ညွှန်ကြားထားပြီးဖြစ်ကြောင်း ဖြေကြားအပ်ပါတယ်။ ဒုတိယမေးခွန်းအနေနဲ့ လက်ရှိပုံစံပါစည်းကမ်းချက်များဖြစ်တဲ့ ဆောင်ရွက်ရမည့်စီမံကိန်းလျာထားချက်နဲ့ ရင်းနှီးမြှုပ်နှံငွေလုံလောက်စွာ ဘဏ်စုဆောင်းထားငွေရှိကြောင်း တင်ပြချက်သည် ကျေးလက်နေပြည်သူများအနေဖြင့် မဆောင်ရွက်နိုင်သည့် လုပ်ငန်းဖြစ်သဖြင့် စည်းကမ်းချက်များ လျှော့ပေါ့၍ သီးခြားပုံစံတစ်ခုဖြင့် ဆောင်ရွက်ပေးရန် အစီအစဉ်ရှိ/မရှိနဲ့ ပတ်သက်၍ ကျေးလက်နေတောင်သူလယ်သမားများနှင့် မိသားစုတစ်ပိုင်တစ်နိုင် စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်လိုသူများအတွက် သက်ဆိုင်ရာ နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီး/ပြည်နယ်လုပ်ငန်းအဖွဲ့များမှ ခွင့်ပြုပေးနေရာမှာ ရင်းနှီးမြှုပ်နှံမှုနဲ့ပတ်သက်ပြီး နည်းဥပဒေ ၁၃ နည်းဥပဒေခွဲ(ဃ)အရ ဆောင်ရွက်ခြင်းဖြစ်သဖြင့် ထိုသို့ပုံစံ(၈)ဖြင့် စိစစ်ရာ၌ ဧက ၅၀ အထက် လျှောက်ထားသူများရဲ့ လုပ်ငန်းအကောင်အထည်ဖော်ဆောင်ရွက်နိုင်သည့် ငွေကြေးအင်အား ရှိ၊မရှိကိုသာ ရည်ရွယ်စိစစ်ခြင်းဖြစ်ရာ ကျေးလက်နေတောင်သူလယ်သမားများနဲ့ မိသားစုတစ်ပိုင်တစ်နိုင်စိုက်ပျိုးလိုသူများအတွက် အဆိုပါငွေကြေးအင်အား ရှိ/မရှိဆိုသည့်အချက်အား လျှော့ပေါ့ဆောင်ရွက်ပေးသွားနိုင်ပါကြောင်း သီးခြားပုံစံတစ်ခုအနေဖြင့် ဆောင်ရွက်ရန် မလိုအပ်ပါကြောင်း ဖြေကြားအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**မှူကြမ်း**

ဥက္ကဋ္ဌ။ ။ ထပ်ဆင့်မေးခွန်း မေးမယ်။

**ဦးခင်မောင်ရွှေ(တမူးမဲဆန္ဒနယ်)။** ။ ထပ်ဆင့်မေးခွန်းလေးမေးခွင့်ပြုပါခင်ဗျား။ ခုနက ဝန်ကြီးဖြေသွားတဲ့အထဲမှာ သက်ဆိုင်ရာတိုင်းဒေသကြီးအစိုးရအဖွဲ့က လျှော့ပေါ့စဉ်းစားနိုင်ပါတယ်လို့ ဖြေသွားတဲ့အတွက် ခုနကလို ကျွန်တော်တို့ ကျန်တဲ့တိုင်းဒေသကြီးနဲ့ပြည်နယ်တွေရဲ့ ခုနက ကျွန်တော်တို့ လွှတ်တော်ကိုယ်စားလှယ်ကြီး ဦးမြင့်ဦး မေးသလိုပေါ့။ တိုင်းဒေသကြီးနဲ့ ပြည်နယ်အားလုံးဟာ တစ်ပြေးညီမရှိလို့ရှိရင် ဒီဆောင်ရွက်ချက်လုပ်ငန်းဟာ အခက်အခဲဖြစ်နိုင်သဖြင့် ဝန်ကြီးဌာနအနေဖြင့် တိုင်းဒေသကြီးနဲ့ပြည်နယ်အားလုံးကို ဒီလိုတစ်နိုင်တစ်ပိုင် ဆောင်ရွက်တဲ့လုပ်ငန်းများပေါ်မှာ လျှော့ပေါ့စဉ်းစားနိုင်ဖို့ ညွှန်ကြားချက်များပေးရန် အစီအစဉ်ရှိ/မရှိ သိရှိလိုပါတယ်ခင်ဗျား။

**ဦးအုန်းသန်း(ဒုတိယဝန်ကြီး၊ လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန)** ။ ။ လေးစားအပ်ပါတဲ့ဥက္ကဋ္ဌကြီးခင်ဗျား။ တစ်နိုင်တစ်ပိုင်စိုက်ပျိုးရေးအတွက် ပြည်နယ်နဲ့တိုင်းဒေသကြီးအားလုံးမှာ ရှိတဲ့ မြို့နယ်မြေစာရင်းဦးစီးဌာနအားလုံးကို ညွှန်ကြားထားပြီးဖြစ်ကြောင်း ပြန်လည်တင်ပြအပ်ပါတယ်။

ဥက္ကဋ္ဌ။ ။ ယနေ့အတွက် မေးခွန်းများ မေးမြန်းခြင်း၊ ဖြေကြားခြင်းအစီအစဉ် ပြီးဆုံးပါပြီ။

## တောင်သူလယ်သမားများ၏ စိုက်ပျိုးရေးလုပ်ငန်းများအတွက် လက်ရှိဆောင်ရွက်နေသော စိုက်ပျိုးစရိတ်ချေးငွေစနစ်အစား သင့်တင့်သောအရင်းအနှီးများရရှိရေးအတွက် နှစ်ပေါက်၊ နှစ်တိုနှင့်နှစ်ရှည်ချေးငွေများရရှိနိုင်ရေးကို ပိုမိုကောင်းမွန်သောချေးငွေစနစ်ဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ပေးနိုင်ရန် ပြည်ထောင်စုအစိုးရအဖွဲ့သို့ တိုက်တွန်းကြောင်း အဆိုတင်သွင်းခြင်းနှင့် လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း

ဥက္ကဋ္ဌ။ ။ အစီအစဉ် ၆ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ကျောင်းကုန်းမဲဆန္ဒနယ်မှ ဦးသိန်းထွန်းက အဆိုတစ်ရပ်တင်သွင်းထားပါတယ်။ အဆိုတင်သွင်းဖို့ ဦးသိန်းထွန်းအားဖိတ်ခေါ်ပါတယ်။

**ဦးသိန်းထွန်း(ကျောင်းကုန်းမဲဆန္ဒနယ်)။** ။ ရိုသေလေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ ဧည့်သည်တော်များအားလုံး မင်္ဂလာအပေါင်းနှင့်ပြည့်စုံကြပါစေလို့ နှုတ်ခွန်းဆက်သဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ ဧရာဝတီတိုင်းဒေသကြီး၊ ကျောင်းကုန်းမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်

ဦးသိန်းထွန်း ဖြစ်ပါတယ်။ ကျွန်တော်ဒီကနေ့တင်သွင်းမည့် အဆိုကတော့ တောင်သူလယ်သမားများ၏ စိုက်ပျိုးရေးလုပ်ငန်းများအတွက် လက်ရှိဆောင်ရွက်နေသော စိုက်ပျိုးစရိတ်ချေးငွေစနစ်အစား သင့်တင့်သောအရင်းအနှီးများရရှိရေးအတွက် နှစ်ပေါက်၊ နှစ်တိုနှင့်နှစ်ရှည်ချေးငွေများရရှိနိုင်ရေးကို ပိုမိုကောင်းမွန်သောချေးငွေစနစ်ဖြင့် အကောင်အထည်ဖော် ဆောင်ရွက်ပေးနိုင်ရန် ပြည်ထောင်စု အစိုးရအဖွဲ့သို့ တိုက်တွန်းကြောင်းအဆိုဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ မြန်မာနိုင်ငံဟာစိုက်ပျိုးရေးကို အခြေခံတဲ့ နိုင်ငံဖြစ် တာနဲ့အညီ ၇၀ ရာခိုင်နှုန်းသော ကျေးလက်နေတောင်သူအများစုမှာ စိုက်ပျိုးရေးလုပ်ငန်းဖြင့်သာ အသက်မွေးဝမ်းကျောင်းမှုပြုနေသူများ ဖြစ်ကြပါတယ်။ တောင်သူလယ်သမားများ လူနေမှုဘဝ မြင့်မားလာမှ နိုင်ငံတော်လည်း ဖွံ့ဖြိုးတိုးတက်လာမှာဖြစ်ပါတယ်။ အဓိကသီးနှံများဖြစ်တဲ့ ဆန်စပါး၊ ပဲ၊ ပြောင်း၊ နှမ်း၊ ဝါအပြင် အမယ်သစ်သီးနှံများ၊ ရာသီပေါ်သီးနှံများ၊ နှစ်တို၊ နှစ်ရှည်သီးနှံများကို ဒေသအလိုက် ကျယ်ကျယ်ပြန့်ပြန့် စိုက်ပျိုးလျက်ရှိပါတယ်။ စိုက်ပျိုးရေးလုပ်ငန်းများမှာ အရင်းအနှီး ရရှိရေး၊ အတတ်ပညာနှင့်မျိုးကောင်းမျိုးသန့်များအပြင် ခိုင်မာတဲ့ဈေးကွက်ရှိမှသာ အကျိုးဖြစ်ထွန်း စေမှာဖြစ်ပါတယ်။ ရံဖန်ရံခါ ရေကြီးခြင်း၊ မိုးခေါင်ခြင်း၊ ပိုးဖျက်ခြင်းစတဲ့ သဘာဝဘေးဒဏ်ခံရလျှင် အလွန်နစ်နာဆုံးရှုံးရပြီး အရင်းအနှီး ပြန်လည်ရရှိအောင် နှစ်နှစ်သုံးနှစ်ဖြင့်ပင် ဆောင်ရွက်၍ပင် မရနိုင်ပါ။ မကြာခဏဆိုသလို မိုးခေါင်မှုဒဏ်နဲ့ ရေကြီး နစ်မြုပ်မှုဒဏ်ကိုလည်း ခံစားနေကြရပါတယ်။ ဒါကြောင့်မို့ တောင်သူလယ်သမားများအခွင့်အရေး ကာကွယ်ရေးနှင့် အကျိုးစီးပွားမြှင့်တင်ရေးဥပဒေ ကိုလည်း ပြည်ထောင်စုလွှတ်တော်မှ ၂၀၁၃ ခုနှစ်၊ အောက်တိုဘာလ ၈ ရက်နေ့တွင် ဥပဒေအမှတ် (၃၂)ဖြင့် ဥပဒေကို ပြဋ္ဌာန်းလိုက်ပြီးဖြစ်ပါတယ်။

လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ တောင်သူလယ်သမားများမှာ ယနေ့ကာလတွင် အထွက်ကောင်းမျိုး၊ အထူးအထွက်ကောင်းမျိုးများဖြင့် စိုက်ပျိုးလျက်ရှိကြရာ သင့်တင့်သောနည်းပညာ၊ အတွေ့အကြုံများရရှိပြီး အောင်မြင်နေတဲ့အနေအထားရှိနေပါတယ်။ အဓိကလိုအပ်ချက်မှာရင်းနှီးမတည်ငွေများ အချိန်အခါရာသီအမီ အလုံအလောက်ရရှိရေးပင် ဖြစ်ပါ တယ်။ နိုင်ငံတော်မှလည်း တတ်စွမ်းသလောက်စိုက်ပျိုးရေးစရိတ်များကို အဆင့်ဆင့်တိုး၍ ချေးပေး ခဲ့ကာ ယနေ့ကာလဆိုလျှင် တစ်ဧက ကျပ်တစ်သိန်းနှုန်းဖြင့် ၁၀ ဧကအထိ အတိုးနှုန်းသက်သာစွာဖြင့် ဆောင်ရွက်ပေးခြင်း၊ ပြန်လည်ပေးဆပ်ချိန်ကာလတိုးပေးခြင်းတို့မှာလည်း တောင်သူလယ်သမားများ

အကျိုးအတွက် အဆင်ပြေအောင် ဆောင်ရွက်ပေးခြင်းဖြစ်ပါတယ်။ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှလည်း တောင်သူလယ်သမားများအတွက် လိုအပ်သောချေးငွေကိုလွယ်ကူရှင်းလင်းသော နည်းလမ်းဖြင့်ထုတ်ပေးရန်၊ ချေးငွေလုံလောက်စွာရရှိရန်၊ ချေးငွေအချိန်မီရရှိရန်၊ ကြွေးမြီကင်းရှင်းသောလယ်သမားဘဝထူထောင်နိုင်ရန်စတဲ့ ကောင်းမွန်တဲ့ ရည်ရွယ်ချက် ဦးတည်ချက်များချမှတ်၍ဆောင်ရွက်ခဲ့ပါတယ်။ ဤကဲ့သို့ နိုင်ငံတော်မှ တောင်သူလယ်သမားများအတွက် အဆင်ပြေအောင် ဆောင်ရွက်ခဲ့သော်လည်း အောက်ခြေမှာ အဖွဲ့အစည်းအဆင့်ဆင့်၏ ထောက်ခံချက်ရယူမှု၊ တောင်သူအစုအဖွဲ့များတွင် ခိုင်မာသောအာမခံထားရှိမှု၊ သတ်မှတ်ကာလအတွင်း ငွေအကျေမပေးဆပ်နိုင်ပါကထိရောက်တဲ့အရေးယူဆောင်ရွက်မှု၊ ငွေမပေးဆပ်သူများကိုကြည့်ပြီး အကျေပေးဆပ်နိုင်သည့်သူများပါလိုက်ပါ၍ ငွေမပေးဆပ်မှုစတဲ့ အားနည်းချက်များကြောင့် သတ်မှတ်ကာလအတွင်း ငွေပေးဆပ်နိုင်မှုကြန့်ကြာလျက်ရှိပြီး စိုက်ဘဏ်၏ ရည်ရွယ်ချက်၊ ဦးတည်ချက်များသွေဖည်သွားကြောင်းတွေ့ရှိရပါတယ်။ ယခု ငွေချေးစနစ်အရ သတ်မှတ်ထားသည့် ဝိုင်းကြီးချုပ်စနစ်ဖြင့် ငွေပေးဆပ်ရာတွင် တစ်ဦးငွေမကျေပါက ကျေးရွာအုပ်စုတစ်ခုလုံးငွေချေး၍ပင်မရပါ။ ၎င်းတစ်ဦးအတွက်လည်း မည်သူမျှပင်စိုက်၍ ပေးဆပ်ခြင်းလည်းမရှိပါ။ ငွေချေးကာလ၌ ကျေးရွာအုပ်စုတစ်စုလျှင် အနည်းဆုံး ၁၀ ဦးမှ ၂၀ ဦးအထိ အမြဲလိုလိုကျန်နေတဲ့အတွက် ငွေကျေပြီးသူများ ငွေထုတ်ချေး၍မရပါ။ စိုက်ပျိုးသီးနှံများရာသီအမီဆောင်ရွက်ရသည့်အတွက် ပြင်ပ၌အတိုးကြီးပေး၍ ဆောင်ရွက်နေရခြင်းတို့ နှစ်စဉ်လိုလိုရှိနေခြင်းဖြစ်ပါတယ်။ တောင်သူလယ်သမားများအနေနဲ့ စိုက်ပျိုးရာသီမတိုင်မီ ကြိုတင်ရရှိမှသာပိုမိုအဆင်ပြေမှာဖြစ်ပါတယ်။ ဝိုင်းကြီးချုပ်စနစ်ခိုင်ခိုင်မာမာရှိပါက ယခုကဲ့သို့ ကြွေးကျန်များလည်းရှိမည်မဟုတ်ပါ။ သတ်မှတ်ကာလပေးဆပ်သော တောင်သူများကို အုပ်စုလိုက်သီးခြားစာရင်းထားရှိပြီးသတ်မှတ်ကာလအတွင်း ဦးစားပေး၍ ငွေထုတ်ချေးပေးပါက ပိုမိုအဆင်ပြေမှာဖြစ်သလို အခြားသူများလည်း တဖြည်းဖြည်းလိုက်ပါ ပေးဆပ်သွားနိုင်မှာဖြစ်ပါတယ်။ ယခုကဲ့သို့ တောင်သူလယ်သမားများအား ငွေထုတ်ချေးခြင်းဟာ တောင်သူလယ်သမားများထံမှ မည်သည့်ပစ္စည်းနှင့်မျှ အာမခံထားရှိမှုမရှိဘဲ ငွေမပေးဆပ်နိုင်ပါက အရေးယူဆောင်ရွက်ရန် ခက်ခဲသလိုနိုင်ငံတော်အတွက်လည်း ဆုံးရှုံးနစ်နာမှုများဖြစ်ပေါ်လာနိုင်မှာဖြစ်ပါတယ်။ ၂၀၁၂ ခုနှစ်၊ လယ်ယာမြေဥပဒေအခန်း ၂ ပုဒ်မ ၆ အရမြို့နယ်ဦးစီးဌာနရုံးတွင် သတ်မှတ်ချက်များနှင့်အညီ မှတ်ပုံတင်ကြေးပေးဆောင်၍ မှတ်ပုံတင်ပြီးလယ်ယာမြေများကို လုပ်ပိုင်ခွင့်ပြုလက်မှတ်ထုတ်ပေးရမည်ဟူ၍လည်းကောင်း၊ အခန်း ၃ ပုဒ်မ ၉ ပုဒ်မခွဲ(ခ)တွင် လယ်ယာမြေအားလုံးဖြစ်စေ၊ တစ်စိတ်တစ်ပိုင်းဖြစ်စေလုပ်ပိုင်ခွင့်အား သတ်မှတ်

ထားသော စည်းကမ်းချက်များနှင့်အညီ ရောင်းချခွင့်၊ ပေါင်နှံခွင့်၊ ငှားရမ်းခွင့်၊ လဲလှယ်ခွင့်နှင့်ပေးကမ်းခွင့်အရလည်းကောင်း၊ ၂၀၁၃ ခုနှစ်၊ တောင်သူလယ်သမားအခွင့်အရေးကာကွယ်ရေးနှင့် အကျိုးစီးပွားမြှင့်တင်ရေးဥပဒေအခန်း(၅) ပုဒ်မ ၁၃ တွင် ဦးဆောင်အဖွဲ့သည် တောင်သူလယ်သမားများ၏ စိုက်ပျိုးရေးလုပ်ငန်းနှင့် မွေးမြူရေးလုပ်ငန်းများလုပ်ကိုင်ရာတွင် သင့်တင့်သောအရင်းအနှီးများရရှိရေးအတွက် နှစ်ပေါက်၊ နှစ်တိုနှင့်နှစ်ရှည်ချေးငွေများကို ပြည်ထောင်စုရန်ပုံငွေဘောင်အတွင်းမှ ထုတ်ချေးခြင်း၊ လိုအပ်သောအကူအညီနှင့် အထောက်အပံ့ပေးခြင်းတို့ကို ပြုလုပ်နိုင်ရန် ပြည်ထောင်စုအစိုးရအဖွဲ့မှတစ်ဆင့် ပြည်ထောင်စုလွှတ်တော်၏ ခွင့်ပြုချက်ရယူဆောင်ရွက်ရမည်ဟုလည်းကောင်း ဖော်ပြပါရှိပါတယ်။

လယ်ယာမြေဥပဒေအရ လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာနမှ လယ်ယာမြေမှတ်ပုံတင်ခြင်းလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိရာ ယခုအခါမှာ ပြီးစီးလုနီးပါးရှိနေမှာ ဖြစ်ပါတယ်။ လယ်ယာမြေများကို မှတ်ပုံတင်ပြီးပါက ဥပဒေအရ သတ်မှတ်ပြဋ္ဌာန်းချက်များနှင့်အညီ မိမိလယ်ယာမြေများကို ရောင်းချခွင့်၊ ပေါင်နှံခွင့်ရရှိလာမှာဖြစ်ပါတယ်။ မိမိတို့ရဲ့ မှတ်ပုံတင်ပြီးလယ်မြေများအား အစိုးရဘဏ်နှင့် အာမခံချက်ရှိသော ဘဏ်အသီးသီးတွင် သတ်မှတ်စည်းမျဉ်းစည်းကမ်းချက်များနှင့်အညီ ပေါင်နှံပြီး နှစ်ပေါက်၊ နှစ်တိုနှင့် နှစ်ရှည်ချေးငွေများကို နိုင်ငံတော်အစိုးရအဖွဲ့အနေဖြင့် ချေးငွေပမာဏသတ်မှတ်၍ တရားဝင်ဆောင်ရွက်ပေးမည်ဆိုပါက တောင်သူလယ်သမားများအတွက် ပိုမိုအဆင်ပြေမှာဖြစ်သလို နိုင်ငံတော်အတွက်လည်း နိုင်ငံတော်အတွက်လည်း ငွေကြေးဆုံးရှုံးမှုများလျော့နည်းလာမှာဖြစ်ပါတယ်။ တောင်သူလယ်သမားများအနေဖြင့်လည်း ဥစ္စာရင်လို ဥစ္စာရင်ခဲအနေဖြင့် မိမိလယ်မြေဆုံးရှုံးမှုမဖြစ်စေရေးအတွက် သတ်မှတ်ကာလအတွင်း အကျေပေးဆပ်နိုင်မှာဖြစ်ပါတယ်။

လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ တောင်သူလယ်သမားများအနေနဲ့ မိမိတို့၏လယ်မြေများအား မှတ်ပုံတင်ပြီးဖြစ်၍ ငွေချေးယူသည့်အခါ ဝိုင်းကြီးချုပ်စနစ်ဖြင့် ဆောင်ရွက်ခြင်းမှာလည်း သင့်တော်တော့မည်မဟုတ်တော့ပါ။ လက်ရှိငွေချေးစနစ်မှာ ငွေမကျေသူများက တာဝန်ရှိသူများနှင့်ညှိနှိုင်းပြီး အတိုးကြီးပေးကာ(ထုတ်ဆပ်) ယနေ့ထုတ် ယနေ့ဆပ်ရတဲ့အတွက် တောင်သူအနေဖြင့်တာဝန်ကျေသော်လည်း ငွေကိုနွှေးအောင်မကိုင်လိုက်ရဘဲ ဘဏ်ကိုချက်ချင်းပြန်သွင်းလိုက်ရခြင်းဖြစ်ပါတယ်။ တောင်သူအကျိုးရလဒ်မှာ အတိုးကြီးပေး၍ ငွေမသုံးလိုက်ရဘဲ ငွေကြွေးကျန်

ဆက်လက်တင်နေခြင်းသာဖြစ်ပြီး အကြွေးသံသရာလည်နေလျက်ရှိပါတယ်။ ဒါကြောင့်မို့ ယခု ဝိုင်းကြီး ချုပ်စနစ်ဖြင့် ငွေချေးခြင်းသည် ငွေကျေပြီးတောင်သူများအတွက် အဆင်မပြေသလိုငွေမကျေသည့် တောင်သူများအတွက်လည်း အကြွေးသံသရာလည်နေခြင်းများ တွေ့ရှိနေရတဲ့အတွက် တောင်သူ လယ်သမားများ၏ လိုအပ်သောချေးငွေကို လွယ်ကူရှင်းလင်းသော နည်းလမ်းများဖြင့် ထုတ်ပေး နိုင်ရန်၊ ချေးငွေလုံလောက်စွာရရှိနိုင်ရန်၊ ချေးငွေအချိန်အခါ ရာသီအမီရရှိနိုင်ရန်နှင့် ကြွေးမြီကင်းရှင်း သောလယ်သမားဘဝထူထောင်နိုင်ရန် တောင်သူလယ်သမားများ၏ အကျိုးကိုမျှော်ကိုး၍ အောက်ပါ အဆိုကို တင်သွင်းအပ်ပါတယ်ခင်ဗျား။

အဆိုမှာ တောင်သူလယ်သမားများ၏ စိုက်ပျိုးရေးလုပ်ငန်းများအတွက် လက်ရှိဆောင်ရွက် နေသော စိုက်ပျိုးစရိတ်ချေးငွေစနစ်အစား သင့်တင့်သော အရင်းအနှီးများရရှိရေးအတွက် နှစ်ပေါက်၊ နှစ်တိုနှင့် နှစ်ရှည်ချေးငွေများရရှိနိုင်ရေးကို ပိုမိုကောင်းမွန်သောချေးငွေစနစ်ဖြင့် အကောင်အထည် ဖော်ဆောင်ရွက်ပေးနိုင်ရန် ပြည်ထောင်စုအစိုးရအဖွဲ့သို့ တိုက်တွန်းကြောင်းအဆိုကို ပြည်သူ့ လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးလေးနက်နက် တင်သွင်းအပ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်ခင်ဗျား။(ဩဘာသံများ)

**ဥက္ကဋ္ဌ**။ ။ ကျောင်းကုန်းမဲဆန္ဒနယ်မှ ဦးသိန်းထွန်းတင်သွင်းတဲ့အဆိုကို ထောက်ခံမယ့် လွှတ်တော်ကိုယ်စားလှယ်တစ်ဦးအား ဖိတ်ခေါ်ပါတယ်။

**ဦးဌေးဝင်း(လယ်ဝေးမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များ၊ ဧည့်သည်တော်များနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် များခင်ဗျား။ ကျွန်တော်ကတော့ မန္တလေးတိုင်းဒေသကြီး၊ လယ်ဝေးမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်ဦးဌေးဝင်း ဖြစ်ပါတယ်။ ကျောင်းကုန်းမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးသိန်းထွန်း တင်သွင်းသွားတဲ့အဆိုဟာ ဒီနေ့ လက်ရှိတောင်သူလယ်သမားများ အမှန်တကယ်ခံစား နေရတဲ့ အခက်အခဲများဖြစ်တာကို တွေ့ရမှာဖြစ်ပါတယ်။ နိုင်ငံတော်အစိုးရအဆက်ဆက်အနေနဲ့ တောင်သူလယ်သမားများ စိုက်ပျိုးချိန်မှာ အဆင်ပြေပြေစိုက်ပျိုးနိုင်ရေးအတွက် နည်းလမ်းအမျိုးမျိုး၊ နှုန်းထားအမျိုးမျိုးနဲ့ စိုက်ပျိုးစရိတ်ချေးငွေများကို ထုတ်ချေးပေးခဲ့ကြပါတယ်။ မိုးစပါး၊ နွေစပါး၊ ဆောင်းသီးနှံ၊ ကြံအစရှိတဲ့ သီးနှံအမျိုးအစားအလိုက် သင့်တင့်တဲ့နှုန်းထားနဲ့ ထုတ်ချေးခဲ့ကြတာကို တွေ့ရှိရမှာဖြစ်ပါတယ်။ သို့သော်လည်း အဆိုရှင်တင်ပြသွားသလို သဘာဝဘေးအန္တရာယ်များဖြစ်တဲ့

ရေကြီးခြင်း၊ မိုးခေါင်ခြင်း၊ ပိုးမွှားဖျက်ဆီးမှုများကြောင့် သီးနှံအထွက်နှုန်းလျော့ကျခြင်း၊ သီးနှံလုံးဝ မရရှိခြင်းတို့အပြင် သီးနှံဈေးကွက်ပျက်လို့ စိုက်ပျိုးထုတ်လုပ်မှုတန်ဖိုးနှင့်ရရှိတဲ့ဝင်ငွေ မမျှမတ ဖြစ်လာတဲ့အခါမှာ ချေးငွေများပြန်လည်ပေးဆပ်နိုင်ရန်အတွက် အခက်အခဲများကြုံတွေ့ကြရတာကို တွေ့ရမှာဖြစ်ပါတယ်။ ဒီနှစ်မှာဆိုရင် မိုးခေါင်မှုကြောင့် နေပြည်တော်ဒေသအတွင်းမှာရှိတဲ့ မိုးကောင်း သောက်လယ်ယာမြေများမှာ စိုက်ပျိုးရေလုံလောက်စွာ မရရှိတဲ့အတွက် စိုက်ပျိုးပြီးသီးနှံများ ရိတ်သိမ်း ရခြင်းမရှိတဲ့ဇကမြောက်များစွာကို တွေ့ရှိရမှာဖြစ်ပါတယ်။

ဒါ့ကြောင့် တောင်သူလယ်သမားများအနေနဲ့ အခက်အခဲများကြုံတွေ့နေရကြောင်းကိုလည်း တွေ့နေရပါတယ်။ ဒါ့အပြင် ချေးငွေရရှိရေးဆောင်ရွက်ရာမှာလည်း အဖွဲ့အစည်းအဆင့်ဆင့်ရဲ့ ထောက်ခံချက်များရယူရခြင်း၊ ချေးငွေစနစ်အရ သတ်မှတ်ထားတဲ့ဝိုင်းကြီးချုပ်စနစ်ကြောင့် ကျေးရွာ အုပ်စုတစ်ခုမှာ တစ်ဦးပေးဆပ်ရန်ကျန်နေလျှင် ကျေးရွာအုပ်စုတစ်ခုလုံး ချေးငွေထုတ်ချေးနိုင်ရေး အခက်အခဲတွေ့ရပြီး စိုက်ပျိုးချိန်အမီမရရှိတဲ့အတွက် ရင်းနှီးစိုက်ထုတ်စိုက်ပျိုးနိုင်ရေးအတွက် ပြင်ပ လုပ်ငန်းရှင်များထံမှ အတိုးနှုန်းမြင့်မားစွာ ငွေချေးနေရခြင်း၊ စပါး၊ ပဲစတဲ့ သီးနှံများနည်းပါးလှတဲ့ ဈေးနှုန်းနဲ့ ကြိုတင်ရောင်းချရခြင်းစသည်ဖြင့် ဆောင်ရွက်ခဲ့ရတဲ့အတွက် မိမိတို့ရင်းနှီးစိုက်ထုတ် ထားတဲ့ အကျိုးအမြတ်ကို ခံစားရခြင်းမရှိပဲ ကြွေးသံသရာမှာလည်နေရကြောင်း အဆိုရှင်က တင်ပြ သွားပါတယ်။ ဒါဟာလည်း အမှန်တကယ်ဖြစ်ပေါ်နေတဲ့ ဖြစ်ရပ်များဖြစ်ကြောင်း တွေ့ရမှာဖြစ်ပါတယ်။ ဒါကြောင့် ဝိုင်းကြီးချုပ်စနစ်ကိုလည်း ပြန်လည်သုံးသပ်ရမှာ ဖြစ်ပါတယ်။

လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ယခုအခါမှာ တောင်သူလယ်သမား များအခွင့်အရေးကာကွယ်ရေးနှင့် အကျိုးစီးပွားမြှင့်တင်ရေးဥပဒေ၊ နည်းဥပဒေများလည်း ပြဋ္ဌာန်း ထုတ်ပြန်ပြီးဖြစ်ပါတယ်။ မြေပြင်မှာ အမှန်တကယ်လက်တွေ့ကျကျဆောင်ရွက်နိုင်ရေးအတွက် အမြန် ဆုံးအကောင်အထည်ဖော် ဆောင်ရွက်သွားမယ်ဆိုရင် လက်ရှိဖြစ်ပေါ်နေတဲ့အခက်အခဲများ အထိုက် အလျောက် ပြေလည်သွားမှာဖြစ်တဲ့အတွက် ဧရာဝတီတိုင်းဒေသကြီး၊ ကျောင်းကုန်းမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးသိန်းထွန်း တင်သွင်းသွားတဲ့ တောင်သူလယ်သမားများ၏ စိုက်ပျိုးရေးလုပ်ငန်းများအတွက် လက်ရှိဆောင်ရွက်နေသော စိုက်ပျိုးစရိတ်ချေးငွေစနစ်အစား သင့်တင့်သောအရင်းအနှီးများရရှိရေးအတွက် နှစ်ပေါက်၊ နှစ်တိုနှင့် နှစ်ရှည်ချေးငွေများ ရရှိနိုင်ရေး ကိုပိုမိုကောင်းမွန်သော ချေးငွေစနစ်ဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ပေးနိုင်ရန် ပြည်ထောင်စု

အစိုးရအဖွဲ့သို့ တိုက်တွန်းကြောင်းအဆိုအား လေးလေးနက်နက်ထောက်ခံပါကြောင်း တင်ပြအပ်ပါ ခင်ဗျား။(သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ အဆိုနှင့်စပ်လျဉ်းပြီး လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီး ဌာနမှ ရှင်းလင်းဆွေးနွေးဖို့ဖြစ်ပါတယ်။

**ဦးအုန်းသန်း(ဒုတိယဝန်ကြီး၊ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန)**။ ။ လေးစား အပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ဧည့်သည်တော် များခင်ဗျား။ ဧရာဝတီတိုင်းဒေသကြီး၊ ကျောင်းကုန်းမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးသိန်းထွန်းရဲ့အဆိုအပေါ်မှာ လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာနကိုယ်စား ကျွန်တော် ရှင်းလင်းဖြေကြားသွားမှာဖြစ်ပါတယ်။ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်ဟာ ယခုလက်ရှိထုတ်ချေးနေ သောချေးငွေစနစ်မှာ တောင်သူများရဲ့ ရွှေ့ပြောင်းနိုင်သော/မရွှေ့ပြောင်းနိုင်သော မည်သည့်ပစ္စည်း ကိုမှ အာမခံအဖြစ် ရယူခြင်းမရှိဘဲ အာမခံမဲ့ထုတ်ချေးရခြင်းဖြစ်၍ နိုင်ငံတော်ဘဏ္ဍာငွေမဆုံးရှုံးစေရန် ၎င်းတို့စိတ်ကြိုက်ဖွဲ့စည်းထားတဲ့ ၅ ဦးမှ ၁၀ ဦးအထိ အစုအာမခံစနစ်ဖြင့်သာ ထုတ်ချေးရခြင်း ဖြစ်ပါတယ်။ မူလကပင် မိမိယုံကြည်ခင်မင်ရာ ပုဂ္ဂိုလ်များဖြင့် ဖွဲ့စည်းကြရန်ဖြစ်ပါတယ်။ မိုး၊ ဆောင်း၊ မိုးကြိုကာလအလိုက် စိုက်ပျိုးချိန်ငွေချေးပြီး ရိတ်သိမ်းရောင်းချပြီးချိန်၊ ငွေပေါ်ချိန်မှာ ပြန်လည် ကောက်ခံပါတယ်။ ထိုသို့ စနစ်တကျသတ်မှတ်ထားတဲ့ ချေးငွေစနစ်ဖြင့် ဆောင်ရွက်ရာတွင်ပင် ချေးငွေကို အချိန်မီပေးဆပ်နိုင်ခြင်း၊ ပေးဆပ်လိုခြင်းမရှိသည်များကိုလည်း တွေ့ရှိနေရပါတယ်။

မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်သည် ကျေးလက်ဒေသချေးငွေလုပ်ငန်းကို ဆောင်ရွက်လာ သည်မှာ ၁၉၅၃ ခုနှစ်မှ သက်တမ်း ၆၁ နှစ်ကျော်ရှိပြီးဖြစ်ပါတယ်။ မြို့နယ်ဘဏ်ခွဲပေါင်း ၂၀၇ ဘဏ် ဖွင့်လှစ်ထားရှိပြီးချေးငွေလုပ်ငန်းများ ဆောင်ရွက်လျက်ရှိရာမှာ ၂၀၁၁-၂၀၁၂ ဘဏ္ဍာရေးနှစ်အထိ နှစ်စဉ်ထုတ်ချေးသည့်ချေးငွေ အပြည့်အဝအားလုံးပြန်လည်ကောက်ခံရရှိခဲ့ပြီး ၂၀၁၂-၂၀၁၃ ဘဏ္ဍာ ရေးနှစ်မှစ၍သာ အချိန်စေ့ရောက်ပြီး ကြွေးကျန်များကျန်ရှိလာခဲ့ခြင်းဖြစ်ပါတယ်။ ၂၀၁၂-၂၀၁၃ ဘဏ္ဍာရေးနှစ်ရဲ့ ၂၃-၁-၂၀၁၅ ရက်နေ့အထိ ကြွေးကျန်ကျပ်သန်းပေါင်း ၂၁၆.၈၉ မှာ ဧရာဝတီ တိုင်းဒေသကြီးအစိုးရအဖွဲ့မှ ရေကြီးနစ်မြုပ်မှုကြောင့် ထပ်မံငွေချေးပေးရန် တင်ပြချက်အရ တိုင်းဒေသကြီးအစိုးရအဖွဲ့သို့ တစ်လုံးတည်းထုတ်ချေးငွေမှ ကြွေးကျန်ကျပ်သန်းပေါင်း ၁၁၄.၁၀ ကျန် ရှိပါတယ်။ ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ် ၂၀၁၃ ခုနှစ်၊ မိုးချေးငွေကျပ်သန်း ၇၀၅၂.၈၅၊ ဆောင်းချေး

ငွေကျပ်သန်း ၅၄၈၅.၂၆ ကြွေးကျန်စုစုပေါင်း ကျပ်သန်းပေါင်း ၁၂၇၅၅ နိုင်ငံတော်ဘဏ္ဍာငွေမှ ကြွေးကျန်ဖြစ်ပေါ်နေခြင်းရှိပါတယ်။ တောင်သူလယ်သမားများ၏ စိုက်ပျိုးရေးလုပ်ငန်းများအတွက် လက်ရှိဆောင်ရွက်နေသော စိုက်ပျိုးစရိတ်ချေးငွေစနစ်အစား သင့်တင့်သောအရင်း အနှီးများရရှိရေး အတွက် နှစ်ပေါက်၊ နှစ်တိုနှင့် နှစ်ရှည်ချေးငွေများရရှိနိုင်ရေးကို ပိုမိုကောင်းမွန်သော ချေးငွေစနစ် ဖြစ်စေရေးအတွက် ၁၉၉၀ ပြည့်နှစ်က ပြဋ္ဌာန်းခဲ့တဲ့ လက်ရှိတည်ဆဲ မြန်မာ့လယ်ယာဖွံ့ဖြိုးရေး ဘဏ်ဥပဒေကိုပြင်ဆင်နိုင်ရန် ပြည်ထောင်စုရွှေ့နေချုပ်ရုံးသို့ တင်ပြထားပြီး ဖြစ်ပါတယ်။ ၎င်းအပြင် ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ်(၃၂)ဖြင့် တောင်သူလယ်သမား အခွင့်အရေးကာကွယ်ရေးနှင့် အကျိုးစီးပွားမြှင့်တင်ရေးဥပဒေပြဋ္ဌာန်းချက်နှင့်အညီ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီး ဌာနရဲ့ ၂၀၁၅ ခုနှစ်၊ ဇန်နဝါရီလ ၁၅ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ်(၂/၂၀၁၅)ဖြင့် တောင်သူ လယ်သမားအခွင့်အရေးကာကွယ်ရေးနှင့် အကျိုးစီးပွားမြှင့်တင်ရေးနည်းဥပဒေကို ထုတ်ပြန်ခဲ့ပြီးဖြစ် ပါတယ်။ အဆိုပါဥပဒေ၊ နည်းဥပဒေများအရ နေပြည်တော်ကောင်စီနယ်မြေနှင့် တိုင်းဒေသကြီး/ ပြည်နယ်များမှာ လက်တွေ့အကောင်အထည်ဖော်နိုင်ရန်အတွက် ပြည်ထောင်စုနယ်မြေ၊ တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့ ဝန်ကြီးချုပ်များဥက္ကဋ္ဌအဖြစ်ပါဝင်တဲ့ လုပ်ငန်းအဖွဲ့များကိုလည်း ဦးဆောင်အဖွဲ့ရဲ့ အမိန့်ကြော်ငြာစာအမှတ်(၇/၂၀၁၅)အရ ဖွဲ့စည်းပေးခဲ့ပြီး ဖြစ်ပါတယ်။ လုပ်ငန်း အဖွဲ့များဟာ တောင်သူလယ်သမားအခွင့်အရေးကာကွယ်ရေးနှင့် အကျိုးစီးပွားမြှင့်တင်ရေးနည်း ဥပဒေအပိုဒ် ၂၀ အရ လုပ်ကွက်ငယ် တောင်သူလယ်သမားများအား ဦးစားပေး၍ တည်ဆဲဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ နှစ်ပေါက်၊ နှစ်တိုချေးငွေများကို ထုတ်ချေးနိုင်ရေးအတွက် ဒေသ အလိုက်၊ ရာသီအလိုက် ငွေကြေးအရင်းအနှီးလိုအပ်ချက်ကို တွက်ချက်၍ သက်ဆိုင်ရာတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့များနှင့် ပြည်ထောင်စုနယ်မြေဆိုင်ရာ အုပ်ချုပ်မှုအဖွဲ့တို့မှတစ်ဆင့် ပြည်ထောင်စုအစိုးရအဖွဲ့သို့တင်ပြ၍ ပြည်ထောင်စုလွှတ်တော်၏ခွင့်ပြုချက် ရယူဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။ တောင်သူလယ်သမားအခွင့်အရေးကာကွယ်ရေးနှင့် အကျိုးစီးပွားမြှင့်တင်ရေး နည်းဥပဒေအပိုဒ် ၂၀ အရ ဦးဆောင်အဖွဲ့ကသတ်မှတ်သည့် ချေးငွေအမျိုးအစားအလိုက်၊ ချေးငွေ နှုန်းထား၊ ချေးငွေပမာဏ၊ အတိုးနှုန်း၊ ပြန်လည်ပေးဆပ်ရမည့်ကာလ၊ စည်းကမ်းချက်၊ ချေးယူမည့် နည်းစနစ်နှင့် နည်းလမ်းတို့ကို တောင်သူလယ်သမားများ လိုက်နာဆောင်ရွက်နိုင်စေရေးအတွက် ရှင်းလင်းအသိပေးပညာပေးသွားမှာဖြစ်ပါတယ်။

**မူကြမ်း**

သမဝါယမဝန်ကြီးဌာနအနေဖြင့်လည်း နိုင်ငံတော်အစိုးရက ချမှတ်အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိတဲ့ ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုလျှော့ချရေးလုပ်ငန်းစဉ် သမဝါယမလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေး ဦးတည်ချက်(၂)ရပ်နှင့် လုပ်ငန်းစဉ်(၅)ရပ်ချမှတ်ပြီး အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါတယ်။ China Exim Bank ချေးငွေ အမေရိကန်ဒေါ်လာသန်း ၁၀၀ မှာလည်း ၁၀ နှစ်တာကာလအတွင်း တောင်သူလယ်သမားများအား သီးနှံရာသီအလိုက် ထုတ်ချေးပေးလျက်ရှိပြီး ချေးငွေကာလပြည့်တဲ့အချိန်၊ သီးနှံပေါ်ချိန် အတိုးနှင့်အရင်း ပြန်ဆပ်စေလျက် ငွေကျေလျှင် နောက်တစ်ရာသီအတွက် စိုက်ပျိုးစရိတ်ချေးငွေများကို ပြန်လည်ထုတ်ချေးပေးလျက်ရှိပါသဖြင့် နှစ်ပေါက်ချေးငွေကဲ့သို့ပင်ဖြစ်ပါတယ်။ ၎င်းအပြင် လယ်ယာသုံးစက်ကိရိယာအမျိုးမျိုးကိုလည်း တစ်နှစ်မှ ငါးနှစ်အထိ အရစ်ကျငွေချေစနစ်ဖြင့် ရောင်းချပေးလျက်ရှိပါတယ်။ သမဝါယမဝန်ကြီးဌာနရဲ့ အစီအမံဖြင့် စက်မှုလယ်ယာစနစ်သို့ တိုးတက်ကူးပြောင်းနိုင်ရန် သမဝါယမအသင်းများ၊ အသင်းသား တောင်သူလယ်သမားများလိုအပ်တဲ့ လယ်ယာသုံးစက်ကိရိယာများကို ကြိုက်ရောင်းကြိုက်ဝယ်မှုကိုအခြေခံပြီး အရစ်ကျငွေချေစနစ် (Hire Purchase) ဖြင့် ရောင်းချပေးလျက်ရှိပါတယ်။ တောင်သူလယ်သမားများရဲ့ စိုက်ပျိုးရေးလုပ်ငန်းများအတွက် နှစ်ပေါက်၊ နှစ်တိုစိုက်ပျိုးစရိတ်ချေးငွေများရရှိရေးနှင့်ပတ်သက်၍ တောင်သူလယ်သမားအခွင့်အရေး ကာကွယ်ရေးနှင့် အကျိုးစီးပွားမြှင့်တင်ရေးဥပဒေ၊ နည်းဥပဒေများအား ထုတ်ပြန်ပြဋ္ဌာန်းပြီးဖြစ်သဖြင့် အဆိုပါဥပဒေ၊ နည်းဥပဒေများနှင့်အညီ တောင်သူလယ်သမားအခွင့်အရေးကာကွယ်ရေးနှင့် အကျိုးစီးပွားမြှင့်တင်ရေး ဦးဆောင်အဖွဲ့ရဲ့ ၂၂-၁-၂၀၁၅ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ်(၇/၂၀၁၅)ဖြင့် သက်ဆိုင်ရာလုပ်ငန်းအဖွဲ့များဖွဲ့စည်း ပြီးတော့ ချေးငွေနဲ့ပတ်သက်ပြီး ဆောင်ရွက်လျက်ရှိပါတယ်။

ထို့အပြင် နိုင်ငံတော်ရဲ့ပြုပြင်ပြောင်းလဲမှုများအား တတိယအဆင့် အရှိန်မြှင့်တင်မှုလုပ်ငန်းစဉ် (၆) အဖြစ် လယ်ယာကဏ္ဍမြှင့်တင်ရေးနှင့် တောင်သူလယ်သမားများရဲ့လူမှုစီးပွားဘဝ မြှင့်တင်အကောင်အထည်ဖော်ရေးကိစ္စနှင့်ပတ်သက်ပြီး ပြည်ထောင်စုဝန်ကြီးများကိုယ်တိုင် နိုင်ငံတစ်ဝှမ်းရှိတိုင်းဒေသကြီး/ပြည်နယ်အသီးသီးသို့ လှည့်လည်ပြီး သက်ဆိုင်ရာတိုင်းဒေသကြီး/ပြည်နယ်ဝန်ကြီးချုပ်များနှင့်အတူ ကွင်းဆင်းအကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါသဖြင့် ဧရာဝတီတိုင်းဒေသကြီး၊ ကျောင်းကုန်းမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးသိန်းထွန်း၏ အဆိုအားမှတ်တမ်းတင်ထားသင့်ပါကြောင်း တင်ပြအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**မူကြမ်း**

**ဥက္ကဋ္ဌ။** ။ ဦးသိန်းထွန်း၊ ကျောင်းကုန်းမဲဆန္ဒနယ်ရဲ့သဘောထားပြောပါ။

**ဦးသိန်းထွန်း(ကျောင်းကုန်းမဲဆန္ဒနယ်)။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ ဝန်ကြီးရှင်းပြသွားတာ ကျွန်တော်တို့ ချေးငွေလုပ်ငန်းများက နှစ်ပေါင်း ၆ဝ ကျော်တဲ့အထိ ဒါချေးပေးခဲ့ပြီးဖြစ်ပါတယ်။ ဒါ ၂ဝ၁၂-၂ဝ၁၃ ကစပြီးတော့ ကြွေးကျန်တွေဟာ ယနေ့အထိ များလာတဲ့အနေအထားရှိပါတယ်။ နောက်တစ်ခုကလည်း ကျွန်တော်တို့ ဝိုင်းကြီးချုပ်စနစ် မှာလည်းပဲ ၅ ဦး ၁ဝ ဦးတစ်စုဆိုတာကလည်း တောင်သူလယ်သမားများစိတ်တိုင်းကျဖွဲ့ဖို့ ဆိုတာကလည်း စီမံခန့်ခွဲမှုအရ ဆောင်ရွက်ထားတဲ့အတွက်ကြောင့် ဒီဝိုင်းကြီးချုပ်စနစ်ဟာလည်း ခိုင်ခိုင်မာမာမရှိကြောင်း တွေ့ရှိရပါတယ်။ နောက်တစ်ခုက ဥပဒေထဲမှာပါတဲ့ ကျွန်တော်တို့ ရောင်းချခြင်း၊ ပေါင်နှံခြင်းဆိုတဲ့ ကိစ္စကလည်း ပေါင်နှံခြင်းဆိုတဲ့ကိစ္စရပ်က ငွေချေးဖို့ကိစ္စအတွက်ကို ထည့်ဆွဲထားတဲ့ ဥပဒေတစ်ခုဖြစ်ပါတယ်။ ဒီထဲမှာကျွန်တော်တို့ ဝိုင်းကြီးချုပ်နဲ့ ပေါင်နှံခြင်းနဲ့နှစ်ခုဟာ ရောနေမယ်ဆိုလို့ရှိရင် ဒီထဲမှာလည်း ဥပဒေထဲမှာလည်းရှိနေတဲ့အတွက် ရောနေလို့ရှိရင် ရှုပ်ထွေးလာနိုင်တဲ့အနေအထားရှိပါတယ်။ ပေါင်နှံခြင်းဆိုတာတော့ ကိုယ့်ရဲ့ ပုံစံ(၇)ရှိတဲ့ လယ်ယာမြေကို တစ်ဦးတစ်ယောက်ချင်းက ပေါင်နှံလို့ရပါတယ်။ သို့သော် ဝိုင်းကြီးချုပ်စနစ်နဲ့ပေါင်နှံမယ်ဆိုရင်တော့ ရှုပ်ထွေးလာနိုင်ပါတယ်။ ဒါကြောင့် မို့လို့ ဒီဘက်က ကျွန်တော်တို့ကိုပေးထားတဲ့ တောင်သူလယ်သမားအခွင့်အရေးကာကွယ်ရေးနဲ့ အကျိုးစီးပွားမြှင့်တင်ရေးနည်းဥပဒေထဲမှာလည်း စာမျက်နှာ ၂ မှာ ဝိုင်းကြီးချုပ်စနစ်ဆိုသည်မှာ စိုက်ပျိုးရေးလုပ်ငန်း သို့မဟုတ် မွေးမြူရေးလုပ်ငန်းလုပ်ကိုင်နိုင်ရေးအတွက် ငွေချေးယူရာတွင် မိမိဆန္ဒအလျောက် အကျိုးတူဆောင်ရွက်ရန်စုဖွဲ့သည့် လုပ်ငန်းအစုအဖွဲ့၊ အဖွဲ့ဝင် ၅ ဦးမှ ၁ဝ ဦးအထိ ပါဝင်သူအားလုံးက ချေးယူငွေအားလုံးကိုအပြေအလည် ပြန်လည်ပေးဆပ်ရေးအတွက် စုပေါင်းတာဝန်ယူရန်ကတိပြုသည့် စနစ်ဆိုသည်။ ဒါကတော့ ကျွန်တော်တို့ တောင်သူလယ်သမားတစ်ဦးချင်း စုပေါင်းချေးတဲ့အခါ ပြဿနာမတက်ပေမယ့်လို့ ပေါင်နှံခြင်းဆိုတဲ့အခါမှာ ဒီဝိုင်းကြီးချုပ်နဲ့သွားလုပ်ရင်တော့ ဒါပိုမိုရှုပ်ထွေးတဲ့ အနေအထားတွေဖြစ်လာနိုင်ပါတယ်။ အလားတူပဲ ကျွန်တော်တို့ ငွေချေးတဲ့စနစ်မှာလည်း အကျိုးစီးပွားမြှင့်တင်ရေးဥပဒေမှာပဲ သက်ဆိုင်ရာဥပဒေလုပ်ငန်းအဖွဲ့သည် တောင်သူလယ်သမားများက စိုက်ပျိုးရေးလုပ်ငန်း မွေးမြူရေးလုပ်ငန်းများအတွက် ချေးငွေများရယူခြင်းနဲ့ ပြန်လည်ပေးဆပ်စေခြင်းတို့ကို ဆောင်ရွက်ရာတွင် တောင်သူလယ်သမားများအား ခိုင်မာသည့် ဝိုင်းကြီးချုပ်စနစ်ဖြင့် ဖော်ဆောင်ရေးအတွက် ကူညီဆောင်ရွက်ရမည်ဆိုတဲ့ ကျွန်တော်တို့ ဒီဥပဒေလည်းထည့်ထားပါတယ်။ ခိုင်မာတဲ့ဝိုင်းကြီးချုပ်စနစ်ဆိုတာ ကျွန်တော်တို့ဆောင်ရွက်ရတာ ခဲယဉ်းပါ

တယ်။ အဲ့စောစောကတင်ပြသလိုပဲ မိမိရဲ့လယ်ယာမြေကို ပေါင်နှံခြင်းဆိုတဲ့ဥပဒေမှာပါနေတဲ့ အတွက်ကြောင့် ဝိုင်းကြီးချုပ်နဲ့ နှစ်ခုပေါင်နှံခြင်းနဲ့ဆက်စပ်မယ်ဆိုရင်တော့ ရှုပ်ထွေးနိုင်တဲ့အနေ အထားရှိပါတယ်။ နောက်တစ်ခုကလည်း ဘဏ္ဍာရေးနှင့်ငွေကြေးဆိုင်ရာမှာလည်း ဒါတွေကိုလည်း ပြင်သွားရမယ့်အနေအထားဖြစ်ပါတယ်။ မြန်မာ့လယ်ယာစိုက်ပျိုးရေးဘဏ်မှာလည်း ဒီဝိုင်းကြီးချုပ် စနစ်ဟာပါရှိနေလိမ့်မယ်ထင်ပါတယ်။ အဲ့ဒီလို တည်ဆဲဥပဒေထဲမှာပါရှိနေလို့ရှိရင်လည်း ဒီဘက် ကလည်း ဒီဥပဒေကို ကျော်လွန်ပြီးတော့ ဒီနည်းဥပဒေက ကျွန်တော်တို့ဆောင်ရွက်လို့မရပါဘူး။ ဒါကြောင့်မို့လို့ နည်းဥပဒေဆွေးနွေးတဲ့အခါမှာလည်း ဒီဝိုင်းကြီးချုပ်စနစ်နဲ့ ကျွန်တော်တို့ ပေါင်နှံခြင်းနဲ့ ရောထွေးမှုမဖြစ်အောင် ဒါလေးတွေကိုဆွေးနွေးရမယ့် အကြောင်းအရာရှိသလို ကျန်တဲ့တည်ဆဲဥပဒေ ထဲမှာ ဘဏ္ဍာရေးနှင့်ငွေကြေးဆိုင်ရာဥပဒေတွေထဲမှာလည်း ဒီစနစ်ဟာပါရှိနေမှာ ဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ကျွန်တော်တို့အနေနဲ့တင်ပြလိုတာကတော့ ဒါဝန်ကြီးဆွေးနွေးခဲ့တဲ့ဥစ္စာကို မှတ်တမ်း တင်တဲ့အချက်ဟာ ကောင်းမွန်ပါတယ်။ သို့သော်လည်းပဲ ဒီဝိုင်းကြီးချုပ်စနစ်ကို ဒီဘက်က ပေါင်နှံခြင်း ကိစ္စနဲ့ ကျွန်တော်တို့ရှုပ်ထွေးလာနိုင်မယ်ဆိုရင်တော့ ဒီဥစ္စာကိုအကောင်းဆုံးနည်းနဲ့ ဖြေရှင်းနိုင်ဖို့တော့ ကျွန်တော်တို့အနေနဲ့ အကြံပြုတင်ပြလိုပါတယ်။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ဒီနေရာမှာ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယ ဝန်ကြီးက ဦးသိန်းထွန်းရဲ့အဆိုကို မှတ်တမ်းတင်ထားရှိဖို့ဆိုတဲ့အပိုင်းပါပါတယ်။ ဒီအပေါ်လည်း ဦးသိန်းထွန်းအနေနဲ့ ဒီမှတ်တမ်းတင်ထားရှိဖို့ဆိုတာကို ဦးသိန်းထွန်းအနေနဲ့ လက်ခံအတည်ပြုနိုင်ခြင်း ရှိ/မရှိ ပြန်လည်ဖြေကြားဖို့လိုပါတယ်။

**ဦးသိန်းထွန်း(ကျောင်းကုန်းမဲဆန္ဒနယ်)**။ ။ မှတ်တမ်းတင်ထားရှိဖို့ကို ကျွန်တော်တို့ အဆိုရှင်အနေနဲ့ လက်ခံပါတယ်။ ကျွန်တော့်အနေနဲ့ သီးခြားတင်ပြချင်တာလေးကတော့ ဝိုင်းကြီးချုပ် စနစ်နဲ့ ပေါင်နှံခြင်း ငွေချေးတဲ့စနစ်မှာ ဝိုင်းကြီးချုပ်စနစ်နဲ့ချေးတာရှိတယ်။ ကျွန်တော်တို့ မိမိရဲ့ လုပ်ပိုင်ခွင့်လယ်ယာမြေကို ပေါင်နှံခြင်းဆိုတဲ့နှစ်ခုဟာ ရှိနေမယ်ဆိုလို့ရှိရင်တော့ ဒါလေးကိုတော့ ထည့်သွင်းစဉ်းစားပြီးတော့ တည်ဆဲဥပဒေအရလည်း ကျွန်တော်တို့ ပြန်သွားရမယ့်အနေအထားလည်း ရှိနေတယ်။ ဒီဘက်မှာရှိတဲ့ ကျွန်တော်တို့ တောင်သူလယ်သမား၊ အခွင့်အရေးကာကွယ်ရေးနှင့် အကျိုးစီးပွားမြှင့်တင်ရေးနည်းဥပဒေထဲမှာလည်း ဒါလေးတွေကို ပြင်လိုက်လို့ရှိရင် ငွေချေးတဲ့စနစ်က ပိုမိုပြီးတော့ အဆင်ပြေမှာဖြစ်ကြောင်းကို ကျွန်တော့်အနေနဲ့ သီးခြားတင်ပြခြင်းသာဖြစ်ပါတယ်။ ဝန်ကြီး

ဆွေးနွေးတဲ့ အချက်ကတော့ မှတ်တမ်းတင်ထားရှိဖို့ ကျွန်တော့်အနေနဲ့ သဘောတူကြောင်း တင်ပြအပ်ပါတယ်။ ကျေးဇူး တင်ပါတယ်။

**ဥက္ကဋ္ဌ။** ။ ဦးသိန်းထွန်း ဆွေးနွေးတဲ့အချက်အလက် အကြောင်းအရာပေါ်မှာ သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာနဘက်က လိုအပ်မယ်ဆိုရင် ပြန်လည်ရှင်းလင်းဆွေးနွေးပေးဖို့ ဖြစ်ပါတယ်။

**ဦးအုန်းသန်း(ဒုတိယဝန်ကြီး၊ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန)။** ။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ လက်ရှိတည်ဆဲဥပဒေဖြစ်တဲ့ မြန်မာ့စိုက်ပျိုးရေးနှင့် ကျေးလက်ဖွံ့ဖြိုးရေးဘဏ်ဥပဒေအမှတ်(၂၃)မှာ ဘဏ်သည် မိမိထုတ်ပေးသောချေးငွေအမျိုးမျိုးနှင့် စပ်လျဉ်းသည့် စည်းကမ်းချက်များကို သတ်မှတ်နိုင်သည်လို့ ကျွန်တော်တို့ ဖော်ပြတဲ့အတွက် လက်ရှိနိုင်ငံတော်က ရာနှုန်းပြည့်နဲ့ ရင်းနှီးမြှုပ်နှံထားတဲ့ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်ဟာ နိုင်ငံတော်ဘဏ္ဍာငွေများကို မဆုံးရှုံးစေရေးအတွက် နှစ်စဉ် စည်းကမ်းချက်များကို သတ်မှတ်ပြီးတော့ ဆောင်ရွက်တာဖြစ်ပါတယ်။ ဒီလိုသတ်မှတ်ပြီးဆောင်ရွက်တဲ့အထဲမှာ ဒီနေ့ ဝိုင်းကြီးချုပ်စနစ်ဆိုတာလည်းပဲ ဒီနေ့ နိုင်ငံတော်ဘဏ္ဍာငွေကြွေးကျန်တွေမဖြစ်ပေါ်ဖို့အတွက် သတ်မှတ်ပြီးတော့ လက်ရှိတော့ ဆောင်ရွက်နေတာဖြစ်ပါတယ်။ ဒါကြောင့် ဒီအချက်အပေါ်မှာ ဝိုင်းကြီးချုပ်စနစ်ပေါ်မှာတော့ ဒီနေ့ ကျွန်တော်တို့ မြန်မာ့စိုက်ပျိုးရေးနှင့် ကျေးလက်ဖွံ့ဖြိုးရေးတည်ဆဲဥပဒေကို ပြင်ဆင်နိုင်ဖို့အတွက် ရှေ့နေချုပ်ရုံးကို ကျွန်တော်တို့ တင်ပြထားပြီးလည်း ဖြစ်ပါတယ်။ ဒီအပေါ်မှာ ကျွန်တော်တို့ ရေးဆွဲတဲ့အခါကျရင်တော့ ကျွန်တော်တို့ ထပ်မံပြင်ဆင်ရေးဆွဲဆောင်ရွက်သွားမှာဖြစ်ပါတယ်။ အလားတူ တောင်သူလယ်သမား အခွင့်အရေးကာကွယ်ရေးနှင့် အကျိုးစီးပွားမြှင့်တင်ရေးဥပဒေနဲ့ နည်းဥပဒေမှာလည်းပဲ ဒီအချက်ကို ကျွန်တော်တို့ ထည့်ထားတာဖြစ်ပါတယ်။ ဘာကြောင့်လဲဆိုတော့ လက်ရှိ ၂၀၁၃-၂၀၁၄ ကစပြီးတော့ ကျွန်တော်တို့ နိုင်ငံတော်မှာ ထုတ်ချေးလိုက်တဲ့ကြွေးကျန် ၁၂၇၅၅ ကျပ်သန်း ကျန်ရှိနေသေးတဲ့အတွက်ကြောင့် ဒီနေ့ ဝိုင်းကြီးချုပ်စနစ်ကို ထည့်ပြီးတော့ လက်ရှိဆောင်ရွက်နေတဲ့အတိုင်းပဲ နည်းဥပဒေမှာ ဆောင်ရွက်ထားတာဖြစ်ပါတယ်။ ဒါကြောင့် နည်းဥပဒေနဲ့ပတ်သက်လို့ ကျွန်တော်တို့ ပြင်ဆင်နိုင်ဖို့အတွက် သက်ဆိုင်ရာ ပြည်ထောင်စုလွှတ်တော်ကိုလည်းပဲ ကျွန်တော်တို့က တင်ပြထားပြီးဖြစ်ပါတယ်။ ရက်ပေါင်း ၉၀ အတွင်းမှာ ဒီနည်းဥပဒေကို တကယ်လို့ ပြင်ဆင်မယ်ဆိုရင်လည်း ပြည်ထောင်စုလွှတ်တော်က ပြင်ဆင်တဲ့အတိုင်း လိုက်နာဆောင်ရွက်သွားမည်ဖြစ်ကြောင်း တင်ပြအပ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးက ရှင်းလင်းတင်ပြတဲ့နေရာမှာ အပိုင်း ၂ ပိုင်းတွေ့ပါတယ်။ စိုက်ပျိုးရေးဘဏ်ဥပဒေကို ပြင်ဆင်ဖို့အပိုင်းဖြစ်ပါတယ်။ ဒီအပိုင်းသည် ရှေ့နေချုပ်ရုံးကို တင်ပြထားတယ်ဆိုတဲ့နေရာမှာ ပြည်ထောင်စုလွှတ်တော်ကိုယ်စားလှယ်များအနေနဲ့လည်း ပြင်ဆင်နိုင်ဖို့အတွက် မိမိတို့မှာလည်း အခွင့်အရေးရှိတယ်။ ဒါကြောင့်မို့လို့ ဒီအခွင့်အရေးကိုလည်း မှန်မှန်ကန်ကန်အသုံးချဖို့ ဖြစ်နိုင်တယ်ဆိုတာ တစ်ခုတွေ့ပါတယ်။ နောက် ဒုတိယအချက်ကတော့ တောင်သူလယ်သမားအခွင့်အရေး ကာကွယ်ရေးနှင့် အကျိုးစီးပွားမြှင့်တင်ရေးဥပဒေအပေါ်မှာ မူတည်ပြီးတော့ နည်းဥပဒေတွေ ထုတ်ပြန်ပေးပြီးဖြစ်ပါတယ်။ ဒီနည်းဥပဒေဟာလည်း ပြည်ထောင်စုလွှတ်တော်ကိုယ်စားလှယ်များအားလုံးထံကို ဖြန့်ဝေပြီးဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ဒီနည်းဥပဒေမှာ ပါရှိတဲ့ ဝိုင်းကြီးချုပ်စနစ် ငွေချေးခြင်းဆိုတဲ့ကိစ္စကို ပြည်ထောင်စုလွှတ်တော်ကိုယ်စားလှယ်များအနေနဲ့ ဒါကို ပြင်ဆင်ဖို့လိုတဲ့ကိစ္စများကို အမြန်ဆုံးပြင်ဆင်တင်ပြသွားမယ်ဆိုရင် သက်ဆိုင်ရာနည်းဥပဒေမှာလည်း တစ်ပါတည်းပြင်ဆင်ပြီးသွားမှာ ဖြစ်ပါတယ်။ ဒါကို အခုနက ဦးသိန်းထွန်း တင်သွင်းတဲ့အဆိုပေါ်မူတည်ပြီးတော့ ဒီနေ့ သက်ဆိုင်ရာဝန်ကြီးဌာနရဲ့ ဖြေကြားတဲ့ရလဒ်ပေါ်မူတည်ပြီးတော့ အားလုံး စနစ်တကျဆောင်ရွက်သွားဖို့လိုမယ်လို့ တင်ပြချင်ပါတယ်။ အခုတော့ အဆိုနဲ့စပ်လျဉ်းပြီး လယ်ယာစိုက်ပျိုးရေးနဲ့ ဆည်မြောင်းဝန်ကြီးဌာနရဲ့ ပြန်လည်ရှင်းလင်းတင်ပြချက်၊ ပြန်လည်အဆိုပြုချက်ကို အဆိုရှင် ဦးသိန်းထွန်းကလည်း သဘောတူညီပြီးဖြစ်ကြောင်း ကြားသိရပါတယ်။ ဒါကြောင့် လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဦးသိန်းထွန်း တင်သွင်းသွားတဲ့အဆိုကို ကိုယ်စားလှယ်များအနေနဲ့ သက်ဆိုင်ရာပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်မှ ကြားသိပြီးဖြစ်ပါတယ်။ ဒီအဆိုနှင့်စပ်လျဉ်းပြီး လွှတ်တော်ရဲ့အဆုံးအဖြတ် တစ်ပါတည်း ရယူမှာဖြစ်ပါတယ်။ ဦးသိန်းထွန်း တင်သွင်းသွားတဲ့အဆိုကို မှတ်တမ်းတင်ထားရှိရန် လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

**ဥက္ကဋ္ဌ**။ ။ သဘောမတူသူရှိပါသလားခင်ဗျား။ သဘောမတူသူမရှိတဲ့အတွက် ကျောင်းကုန်းမဲဆန္ဒနယ်မှ ဦးသိန်းထွန်း တင်သွင်းတဲ့အဆိုကို လွှတ်တော်က မှတ်တမ်းတင်ထားရှိမှာဖြစ်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**မူကြမ်း**

**အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြု၍ပေးပို့သော သံအရာရှိများနှင့်ကောင်စစ် အရာရှိများ(ကျမ်းသစ္စာများနှင့်အခကြေးငွေများ)အက်ဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ပြင်ဆင်ချက်မရှိ အတည်ပြုရန် လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း**

**ဥက္ကဋ္ဌ။** ။ အစီအစဉ် ၇ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အမျိုးသားလွှတ်တော်မှာ စတင်တင်သွင်းပြီး ပြင်ဆင်ချက်ဖြင့်အတည်ပြု၍ပေးပို့လာသော သံအရာရှိများနှင့် ကောင်စစ်အရာရှိများ (ကျမ်းသစ္စာများနှင့်အခကြေးငွေများ)အက်ဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းကို ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၂)ကြိမ်မြောက်ပုံမှန်အစည်းအဝေး ပထမနေ့(၁၉-၁-၂၀၁၅) ရက်နေ့မှာ လက်ခံရရှိကြောင်း အသိပေးခြင်းနှင့် ဥပဒေကြမ်းကော်မတီရဲ့ အစီရင်ခံစာဖတ်ကြားရှင်းလင်းခြင်းများ ပြုလုပ်ခဲ့ပြီးဖြစ်ပါတယ်။ ဒီဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး ပြင်ဆင်ချက်အဆိုတင်သွင်းဆွေးနွေးလိုတဲ့ လွှတ်တော်ကိုယ်စားလှယ်များအနေဖြင့် မိမိပြင်ဆင်လိုသည့် အပိုဒ်၊ အပိုဒ်ခွဲ၊ အကြောင်းအရာ၊ အချက်အလက်များကို တိကျစွာရေးသားဖော်ပြ၍ ၂၂-၁-၂၀၁၅ ရက်နေ့နောက်ဆုံးထားပြီး အမည်စာရင်းပေးပို့ကြရန် တောင်းခံခဲ့ပြီးလည်း ဖြစ်ပါတယ်။ ယနေ့အထိ ပြင်ဆင်ချက်အဆိုတင်သွင်းဆွေးနွေးလိုတဲ့ ကိုယ်စားလှယ်တစ်ဦးမျှမရှိပါ။ ဒါ့ကြောင့် သံအရာရှိများနှင့် ကောင်စစ်အရာရှိများ(ကျမ်းသစ္စာများနှင့်အခကြေးငွေများ) အက်ဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး ဥပဒေကြမ်းကော်မတီရဲ့ အစီရင်ခံစာတင်ပြချက်အတိုင်း ပြင်ဆင်ချက်မရှိအတည်ပြုရန် လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

**ဥက္ကဋ္ဌ။** ။ သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။ သဘောမတူသူ မရှိတဲ့အတွက် သံအရာရှိများနှင့် ကောင်စစ်အရာရှိများ(ကျမ်းသစ္စာများနှင့်အခကြေးငွေများ)အက်ဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းကို ပြင်ဆင်ချက်မရှိသဘောတူကြောင်းနှင့် ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၉၉ အရ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာပါတယ်။ (ဩဘာသံများ)

**အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြု၍ပေးပို့သော ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့ (အခွင့်အရေးများနှင့်ကင်းလွတ်ခွင့်များ)အက်ဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ပြင်ဆင်ချက်မရှိအတည်ပြုရန် လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း**

**မူကြမ်း**

ဥက္ကဋ္ဌ။ ။ အစီအစဉ် ၈ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အမျိုးသား လွှတ်တော်မှာ စတင် တင်သွင်းပြီး ပြင်ဆင်ချက်ဖြင့် အတည်ပြု၍ပေးပို့လာသော ကမ္ဘာ့ကုလသမဂ္ဂ အဖွဲ့(အခွင့်အရေးများနှင့်ကင်းလွတ်ခွင့်များ)အက်ဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းကို ပထမ အကြိမ် ပြည်သူ့လွှတ်တော်(၁၂)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (ပထမနေ့)၁၉-၁-၂၀၁၅ ရက်နေ့တွင် လက်ခံရရှိကြောင်းအသိပေးခြင်းနှင့် ဥပဒေကြမ်းကော်မတီရဲ့အစီရင်ခံစာ ဖတ်ကြားရှင်းလင်းခြင်း ပြုလုပ်ခဲ့ပြီးဖြစ်ပါတယ်။ ဒီဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး ပြင်ဆင်ချက်အဆို တင်သွင်းဆွေးနွေးလိုတဲ့ လွှတ်တော်ကိုယ်စားလှယ်များအနေဖြင့် မိမိပြင်ဆင်လိုသည့် အပိုဒ်၊ အပိုဒ်ခွဲ၊ အကြောင်းအရာ၊ အချက်အလက်များကို တိကျစွာရေးသားဖော်ပြ၍ ၂၂-၁-၂၀၁၅ ရက်နေ့နောက်ဆုံးထားပြီး အမည် စာရင်းပေးပို့ကြရန် တောင်းခံခဲ့ပြီးလည်းဖြစ်ပါတယ်။ ယနေ့အထိ ပြင်ဆင်ချက်အဆို တင်သွင်းလိုတဲ့ ကိုယ်စားလှယ်တစ်ဦးမျှမရှိပါ။ ဒါ့ကြောင့် ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့(အခွင့်အရေးများနှင့်ကင်းလွတ်ခွင့် များ)အက်ဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး ဥပဒေကြမ်းကော်မတီရဲ့ အစီရင်ခံစာ တင်ပြချက်အတိုင်း ပြင်ဆင်ချက်မရှိအတည်ပြုရန် လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

ဥက္ကဋ္ဌ။ ။ သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။ သဘောမတူသူ မရှိတဲ့အတွက် ကမ္ဘာ့ ကုလသမဂ္ဂအဖွဲ့(အခွင့်အရေးများနှင့်ကင်းလွတ်ခွင့်များ)အက်ဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းကို ပြင်ဆင်ချက်မရှိသဘောတူကြောင်းနှင့် ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၉၉ အရ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာပါတယ်။ (ဩဘာသံများ)

## ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၂)ကြိမ်မြောက်ပုံမှန် အစည်းအဝေး ဆဋ္ဌမနေ့ရပ်နားကြောင်းနှင့် အစည်းအဝေး သတ္တမနေ့ ကျင်းပမည့်နေ့ရက်နှင့်အချိန်ကို ကြေညာခြင်း

ဥက္ကဋ္ဌ။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၂)ကြိမ်မြောက်ပုံမှန်အစည်းအဝေး ဆဋ္ဌမနေ့ ရပ်နားပါမယ်။ ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၂)ကြိမ်မြောက်ပုံမှန်အစည်းအဝေး သတ္တမနေ့ကို မနက်ဖြန် ၂၇-၁-၂၀၁၅ (အင်္ဂါနေ့) နံနက် ၁၀း၀၀ နာရီအချိန်မှာ ဆက်လက်ကျင်းပမှာဖြစ်ကြောင်းနဲ့ ယနေ့ အစည်းအဝေးပြီးဆုံးကြောင်း ကြေညာပါ တယ်။ (ဩဘာသံများ)

## မူကြမ်း

အချိန်၊ ၁၁း၀၅။

**အခမ်းအနားမှူး။** ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**အခမ်းအနားမှူး။** ။ အားလုံးထွက်ခွာနိုင်ပါပြီခင်ဗျား။

[ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၂)ကြိမ်မြောက်ပုံမှန်အစည်းအဝေး ဆဋ္ဌမနေ့ကို ၁၁း၀၅ နာရီအချိန်တွင် ရပ်နားပါသည်။]

မူကြမ်း